# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း (၁)ရက် ၊ စနေနေ့ ၊ (23-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

**နေပြည်တော် ဩဂုတ် ၂၂**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို စက်တင်ဘာ ၂ ရက် (အင်္ဂါနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၁၉ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်သည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၀) တောင်ကြီးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) ပုသိမ်တက္ကသိုလ်
(၂၃) ဟင်္သာတတက္ကသိုလ်
(၂၄) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ

စာမျက်နှာ - ၂၀

## နောင်ချိုမြို့နယ်တွင် ဉာဏ်တော‌ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်လှစ်

စာမျက်နှာ - ၂၀


## ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဩဂုတ် ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)တို့တွင် ဖြစ်ပေါ်လာနိုင်သည့်လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင်

**စာမျက်နှာ ၁၇ ကော်လံ ၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၂၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၂၆ ရက်မှ ၂၇ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ







ရတနာပုံ

၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်

**အယ်ဒီတာ့အာဘော်**

# အောင်ပွဲများနှင့်အတူပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့သော ဒီးမော့ဆိုမြို့

ကယားပြည်နယ် လွိုင်ကော်မြို့သည် ဘီလူးချောင်းရေအားလျှပ်စစ်အပါအဝင် တောင်ကွဲစေတီနှင့် ငွေတောင်ဆည်တို့တည်ရှိရာ မြန်မာနိုင်ငံ၏အထင်ကရဖြစ်သော မြို့တစ်မြို့ဖြစ်ပြီး ဒေသခံတိုင်းရင်းသားများသည် အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝများအတွက် ရှာဖွေလုပ်ကိုင်နေထိုင်လျက်ရှိသည်။ ထိုသို့အေးချမ်းတည်ငြိမ်သော ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ နိုင်ငံတော်နှင့်အစိုးရ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှောက်ယှက်ဟန့်တားရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အကြောက်တရားများ လွှမ်းမိုးစေရန်ရည်ရွယ်၍ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နှင့်အနီးဝန်းကျင်တစ်ဝိုက်ကို၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်ခဲ့ပြီး၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင်လည်း စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီးများအကူအညီဖြင့် တပ်မတော်စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ၊ ဆရာမများကို ဖမ်းဆီးခေါ်ဆောင်ခြင်းများဆောင်ရွက်ခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် လွိုင်ကော်မြို့သိမ်းတိုက်ပွဲကို စတင်ဆောင်ရွက်ခဲ့ကြသည်။ ရိုးသားစွာ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများသည် ၎င်းတို့ပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများနှင့် ဥစ္စာပစ္စည်းများကိုစွန့်ခွာပြီး ဘေးလွတ်ကင်းရာမြို့ရွာများသို့ ယာယီနေရပ်စွန့်ခွာ၍ သွားရောက်နေထိုင်ခဲ့ကြရသဖြင့် အနေအစားပျက်ကာ လူမှုစီးပွားဘဝများကိုလည်း နာလန်ထူအောင်ပြန်လည်ရုန်းကန်နေကြရသည်။

တပ်မတော်စစ်ကြောင်းများက ဒီးမော့ဆိုဒေသတစ်ဝိုက်နှင့် ဒီးမော့ဆိုမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ စွန့်လွှတ်စွန့်စားစွာဖြင့် အချိန်ယူရှင်းလင်းတိုက်ခိုက်ခဲ့ရာ ဩဂုတ် ၁၉ ရက်တွင် ဒီးမော့ဆိုမြို့တစ်ခုလုံးကို တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ စစ်ဆင်ရေးကာလ ၁၆ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ၂၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှ အလောင်းခြောက်လောင်းနှင့် လက်နက်မျိုးစုံ ငါးလက်သိမ်းဆည်းရမိခဲ့သည်။ ဒီးမော့ဆိုမြို့အပါအဝင် ဇူလိုင် ၁၆ ရက် မွန်းတည့်ချိန်တွင် နောင်ချိုမြို့တစ်မြို့လုံးကိုလည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် သပိတ်ကျင်းမြို့ကိုလည်းကောင်း တပ်မတော်ကပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ ထိုဒေသအသီးသီးရှိ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ယခင်ကဲ့သို့ပြန်လည်လည်ပတ်နိုင်ရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တပ်မတော်သားများက ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားတတ်သရောကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်စစ်ကြောင်းများသည် လွိုင်ကော်မြို့နှင့်ဒီးမော့ဆိုမြို့တို့ကို ဆက်သွယ်ထားသည့် လမ်းကြောင်းကို အပြီးတိုင်ဆက်လက်ရှင်းလင်းပေးခြင်းဖြင့် လွိုင်ကော်-ဒီးမော့ဆိုဆက်သွယ်ရေးလမ်းမကြီးကို မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ရုံး၊ ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့်လူနေအိမ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများအပါအဝင် နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်သားများသည် ပင်ကိုယ်အားဖြင့် အများအကျိုးသယ်ပိုးလိုစိတ်၊ စွန့်လွှတ်စွန့်စားလိုစိတ်တို့ရှိပြီးသားဖြစ်ကြသည်။ ထိုအခြေခံစိတ်ဓာတ်ကောင်းများ အရင်းတည်ပြီး ပြည်သူ့အကျိုးအတွက် အကြမ်းဖက်သမားများကို ချေမှုန်းသုတ်သင်ကာ ပြောင်မြောက်သည့်ရဲစွမ်းသတ္တိများ ပြသနိုင်ခဲ့မှု သက်သေတစ်ခုဖြစ်သည့် ဒီးမော့ဆိုမြို့သိမ်းအောင်ပွဲစွမ်းဆောင်ချက်ကို အထူးပင်ဂုဏ်ယူလေးစားမိပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စစ်ဆေးရေးကော်မတီ (၄/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စစ်ဆေးရေး ကော်မတီ၏ (၄/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၁ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့်အညီစိစစ်ဖြေရှင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့်မူဝါဒ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ လိုက်နာကာ ဌာနအချင်းချင်း ချိတ်ဆက်ပူးပေါင်း၍ သမာသမတ်ကျကျ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ၏ အတွင်းရေးမှူး တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးချစ်ကိုကိုက တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက် ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီး နောက်ပိုင်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးတင်ပြပြီးနောက် ခရိုင်များမှ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီဥက္ကဋ္ဌများက ယခင်အစည်းအဝေးဆွေးနွေးချက်များအပေါ်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြအကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**အင်းတော် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၁၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ၄၀၂၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၁၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို တစ်ကေပန်းတိုင် အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ဆက်လက်ပြောပြ၍သိရသည်။

(၂၀၆)

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန့်ကြီးထောင့် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အောင်နိုင်တိုး စပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန့်ကြီးထောင့်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ အောင်နိုင်တိုးစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုဘဲ အများဆုံး တင်ပို့ရောင်းချတာပါ။ အောင်နိုင်တိုးစပါးက ဆန်ကြမ်း အုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ဆန်ကြမ်းဆိုပေမဲ့လဲ လူအများစု ကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့ စပါးဖြစ်ပါတယ်။ အောင်နိုင်တိုးစပါးကို ရန်ကုန်ဈေးကွက်က ဩဂုတ်လထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်" ဟု ကန့်ကြီးထောင့်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၇၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိတ္ထီလာမြို့နယ် ရေင်ကျေးရွာ၌ ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်းနှင့် Slab Culvert နှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရေင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်းလုပ်ငန်းနှင့် Slab Culvert နှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ရေင်ကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slab Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ ဒသမ ၇၁၈ သန်းဖြင့် ရွှေခြံမြင့်မိုရ်ကုမ္ပဏီက တာဝန်ယူ၍ မေ ၃၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# ပဲခူးမြို့နယ် ဆင်ရွာကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက် ကော်မတီဖွဲ့စည်း

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်ရွာကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက VDP စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ပေးခဲ့သည်။

အဆိုပါ ဆင်ရွာကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# ဝက်လက်မြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝက်လက် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၁၈၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်း ဧက ၆၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပို့လျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရွှင်မြို့နယ် အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရွှင် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရွှင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က အင်းကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၂ ဦးကို ရန်ပုံငွေကျပ် ၄၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရေပဒေသာစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရေပဒေသာစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရေပဒေသာစပါး တင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရေပဒေသာစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရေပဒေသာစပါး တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေတာပါ။ ရေပဒေသာစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရေပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ရေပဒေသာစပါးများသည် အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

အဆိုပါ ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့်စပါးများ တင်ပို့ရောင်းချမှု များပြားလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အနဲဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အနဲဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုပ်လုပ်ကျန်းမာရေး ကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါ တို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၄၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၂၄၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀၃၄၅ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၆၁၂၀၄ ဧက၊ ဖူးစားပြောင်း ၂၂၉၆ ဧက၊ နှံစားပြောင်း ၂၈၁ ဧက၊ ပဲတီစိမ်း ၆၄၀၉ ဧက၊ ပဲစင်းငုံ ၆၆၁၁ ဧက၊ ပဲကြီး ၁၀၄၃ ဧက၊ အခြားပဲ ၁၁၂ ဧက၊ ဆီထွက်သီးနှံစုံ ၃၀၄၅၂ ဧက၊ ချည်မျှင်ရှည်ဝါ ၄၅၆၅ ဧက၊ ကြံ ၈ ဧက၊ ထန်း ၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ငရုတ် ၅၅၂ ဧက၊ အခြားစားသုံးသီးပင် ၄၃၉၅ ဧက၊ ပရဆေး(လျှော်ဖြူ) ၂၅၇ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၅၄၄၄ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၇ ဧက၊ နှစ်ရှည်ပင် ၆၃၆ ဧက၊ အစေ့ကြားကြက်ဆူ ၅၈ ဧက၊ စုစုပေါင်း သီးနှံစုံ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ သီးနှံစုံ ၁၄၀၃၄၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဒီနေ့ထိ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး သီးနှံအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ အရည်အသွေးကောင်းမျိုးတွေကို စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို မြေဆီလွှာကောင်းမွန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ မြေဩဇာနှင့် စိုက်ပျိုးရေးစနစ်တကျသုံးစွဲရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများကို အရည်အသွေးနှင့်အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြခြင်းဖြစ်သည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ပညာဂုဏ်ရည်

- လောကဝယ် ပညာအလင်း
  အမှောင်ခွင်း ထိန်ထိန်သာ၊
  စိန်ရွှေငွေ ရတနာထက်
  လင်းလက် ပညာ၊
  တန်ဖိုးကြီး ရတနာ
  လူ့ပြည်ရွာ ရှာဖွေကြည့်၊
  တွေ့ကြုံမယ် အခက်အခဲများ
  ကျော်လွှားတွေ့ရှိ။

- ကိုယ့်ဆီမှာ ပညာရှိ
  အမှားအမှန်သိ ခွဲခြားလွယ်၊
  လူတိုင်းအပေါ် ကူညီစိတ်
  ယှဉ်ဖိတ်လာမယ်၊
  အမှန်းမရှိ အချစ်တွယ်
  ပညာရယ် လမ်းပြ၊
  ကိုယ်လျှောက်ရာ ခရီးလမ်း
  အေးချမ်းလှပ။

- ထို့ကြောင့်ကွယ် လူ့ဘဝ
  ရှာဖွေကြ ပညာတွေ၊
  ကြီးလတ်ငယ် ဘယ်မရွေး
  စာဖတ်ပေးလေ၊
  တိုတောင်းလှ ဘဝအခြေ
  နေပမာကွယ် ထွန်းလင်းဖို့၊
  ပညာကို အဖော်ပြု
  ကိုယ့်ကိုယ်ကိုယ်
  ထုဆစ်ကြစို့။ ။

ချစ်သက်(မြန်မာစာ)

# ကျောက်ဆည်မြို့နယ် ဆိတ်ဖူးချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျောက်ဆည် ဩဂုတ် ၂၂

ရေဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျောက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိတ်ဖူးချောင်ကျေးရွာနှင့် ခနောင်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ အဌမအကြိမ်မြောက် ထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက ဆိတ်ဖူးချောင်ကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဆိတ်ဖူးချောင်ကျေးရွာနှင့် ခနောင်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ သောမ ၅၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း ကျောက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုလှိုင်

# ဝမ်းတွင်းမြို့နယ် ကုလားကာကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



ဝမ်းတွင်း ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေတွင်းကျေးရွာအုပ်စု ကုလားကာကျေးရွာ၌ ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေ ထုထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘော ဆန္ဒနှင့်အညီ စီမံကိန်းကော်မတီဝင် ငါးဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# နိုင်ငံတကာ သတင်းများ

## ပင်လယ်ရေအောက်တိုက်ခိုက်မှုကာကွယ်ရေးလေ့ကျင့်မှု ဘောလ်တစ်ပင်လယ်၌ ရုရှားပြုလုပ်

**မော်စကို ဩဂုတ် ၂၂**

ပင်လယ်ရေအောက်တိုက်ခိုက်မှု ကာကွယ် ရေးလေ့ကျင့်မှုအပါ အဝင် စစ်ရေးလေ့ကျင့်မှုများကို ရုရှားတပ်များက ဘောလ်တစ် ပင်လယ်ဒေသ၌ ပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန် ထားသည်။

ဘောလ်တစ်ပင်လယ်စစ်ရေး လေ့ကျင့်မှုတွင် ရုရှားရေငုပ်တပ်ဖွဲ့ များက ပင်လယ်ရေအောက် အဖျက်အမှောင့် လုပ်ငန်းများ တားဆီးမှုကို လေ့ကျင့်ခဲ့ကြ ကြောင်း သိရသည်။

ယင်းအပြင် မောင်းသူမဲ့ လေယာဉ်များသုံး၍ ရန်သူ မောင်းသူမဲ့ရေယာဉ်ငယ်များအား တိုက်ခိုက် ချေမှုန်းမှုကိုလည်း ပစ်မှတ်တုများဖြင့် လေ့ကျင့်ခဲ့ကြ ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါဘောလ်တစ်ပင်လယ် စစ်ရေးလေ့ကျင့်မှုတွင် ရုရှား တပ်မတော်က ယခုလအတွင်း ဒုတိယအကြိမ်အဖြစ် ပြုလုပ်ခဲ့ သည့် ပင်လယ်ရေအောက်တိုက် ခိုက်မှုကာကွယ်ရေး စစ်ရေး လေ့ကျင့်မှုဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်က အမေရိကန်ရေတပ် နျူကလီးယားစွမ်းအင်သုံး ရေငုပ် သင်္ဘောနှစ်စီးကို ရုရှားနိုင်ငံအနီး နေရာယူထားရန် ဩဂုတ် ၁ ရက် တွင် ညွှန်ကြားခဲ့ပြီးနောက် ရုရှား တပ်များက ပင်လယ်ရေအောက် တိုက်ခိုက်မှုကာကွယ်ရေးလေ့ကျင့် မှုများပြုလုပ်နေခြင်းဖြစ်သည်။

ယခုလ အစောပိုင်းကလည်း ရုရှားရေတပ်နှင့် တရုတ်ရေတပ် တို့ပူးပေါင်း၍ ဂျပန်ပင်လယ်ဒေသ ၌ ရန်သူ့ရေငုပ်သင်္ဘော ရှာဖွေ ချေမှုန်းမှုများကို လေ့ကျင့်ခဲ့ကြ ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဝါရှင်တန်မြို့တွင်းရှိ ဖက်ဒရယ်လုံခြုံရေးဝန်ထမ်းများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သွားရောက်တွေ့ဆုံ



**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် ဩဂုတ် ၂၁ ရက်တွင် ဝါရှင်တန်မြို့တွင်းရှိ လုံခြုံရေး တာဝန်ကျ ဖက်ဒရယ်လုံခြုံရေး တပ်ဖွဲ့ဝင်များကို သွားရောက် တွေ့ဆုံခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် ဝါရှင်တန်မြို့တွင်း ရာဇဝတ်မှုနှိမ်နင်းရေး အစီအစဉ် အရ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် များနှင့် ဖက်ဒရယ်လုံခြုံရေး ဝန်ထမ်းများကို ဖြန့်ကြက် ထားသည်။

ဩဂုတ် ၂၁ ရက်တွင် သမ္မတ ဒေါ်နယ်ထရမ့်သည် ဝါရှင်တန်ဒီစီ အရှေ့တောင်ပိုင်း USPP ရဲတပ်ဖွဲ့ ဌာနချုပ်သို့သွားရောက်၍ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ ကြောင်း အိမ်ဖြူတော်က သတင်း ထုတ်ပြန်ထားသည်။

ဖက်ဒရယ် လုံခြုံရေးဝန်ထမ်း များ၏ကြိုးပမ်းမှုကြောင့် ဝါရှင်တန် မြို့တွင်း၌ ရာဇဝတ်မှုများ ကျဆင်း သွားကြောင်း အဆိုပါခရီးစဉ် အတွင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ယင်းခရီးစဉ်အတွင်း သမ္မတ ဒေါ်နယ်ထရမ့်သည် ဖက်ဒရယ် လုံခြုံရေး ဝန်ထမ်းများအတွက် ပီဇာမုန့်များနှင့် အသားညှပ် ပေါင်မုန့်များလည်း ယူဆောင် သွားခဲ့သည်။

အဆိုပါ ခရီးစဉ်အတွင်း ဖက်ဒရယ် လုံခြုံရေးဝန်ထမ်းများ နှင့်အတူ ကိုယ်တိုင်ကင်းလှည့် ထွက်မည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထား သော်လည်း အစီအစဉ်ဖြစ်မြောက် မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကရာချိမြို့၌ မီးရှူးမီးပန်းသိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် လေးဦးသေဆုံး

**ကရာချိ ဩဂုတ် ၂၂**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဩဂုတ် ၂၁ ရက်က မီးရှူးမီးပန်း သိုလှောင်ရုံတစ်ခု ပေါက်ကွဲခဲ့ရာ လူလေးဦးသေဆုံး၍ ဦးရေ ၃၀ ကျော်ဒဏ်ရာရရှိ ခဲ့ကြောင်း သိရသည်။

မီးရှူးမီးပန်း သိုလှောင်ရုံ ပေါက်ကွဲမီးလောင်မှုကြောင့် အနီး အနားရှိ ဈေးဆိုင်များလည်း မီးလောင်ခဲ့ကြောင်း ကရာချိမြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန် ထားသည်။

ယင်းအပြင် ကနဦးပေါက်ကွဲ မှုဖြစ်ပွားခဲ့ပြီးနောက် အသေးစား ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား ခဲ့ရာ အနီးဝန်းကျင်၌ နေထိုင်သူ များလည်း ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်။

မီးရှူးမီးပန်း သိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ ၃၄ ဦးထိရှိခဲ့ပြီး နီးစပ်ရာဆေးရုံများ သို့ ပို့ဆောင်ထားကြောင်း ကရာချိ မြို့ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် မီးရှူး မီးပန်းသိုလှောင်ရုံ ပေါက်ကွဲမှုနှင့် ပတ်သက်၍ ကရာချိမြို့ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ပြင်းထန်သည့်မုတ်သုံမိုးကြောင့် ကရာချိမြို့တစ်ဝန်း ရေလွှမ်းမိုးမှု များဖြစ်ပွားခဲ့ပြီး တစ်ရက်အကြာ တွင် မီးရှူးမီးပန်းသိုလှောင်ရုံ ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## တရုတ်၌ကျင်းပမည့် အက်စ်စီအိုထိပ်သီးညီလာခံသို့ အစိုးရအဖွဲ့အကြီးအကဲ ၂၀ ကျော်တက်ရောက်မည်

**ပေကျင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံ၌ ယခုလကုန်ပိုင်း တွင်ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို) ထိပ်သီးညီလာခံသို့ ရုရှားသမ္မတ ပူတင်နှင့် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် တို့အပါအဝင် အစိုးရအဖွဲ့အကြီး အကဲ ၂၀ ကျော် တက်ရောက်မည် ဖြစ်ကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ထိပ်သီး ညီလာခံကို တီယန်ကျန်းမြို့၌ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်ထိကျင်းပရန် စီစဉ် ထားသည်။

ယင်းညီလာခံသို့ ရုရှားသမ္မတ ပူတင်နှင့် ကုလသမဂ္ဂအကြီးအကဲ တို့အပါအဝင် အစိုးရအဖွဲ့ အကြီးအကဲ ၂၀ ကျော်တက်ရောက် မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြား ရေးဝန်ကြီးဌာနတာဝန်ရှိသူများက သတင်းစာရှင်းလင်းပွဲ၌ အတည် ပြုထားသည်။




ရှန်ဟိုင်းပူးပေါင်းဆောင်ရွက် ရေးအဖွဲ့ ထိပ်သီးညီလာခံ၌ ပါဝင် မည့် နိုင်ငံတကာခေါင်းဆောင်များ ထဲတွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် အီရန်သမ္မတ ပီဇက်ရှ်ကီရမ်တို့ လည်းပါဝင်ကြောင်း သိရသည်။

ယခုနှစ် ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ ထိပ်သီး ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် တီယန်ကျင်းကြေညာ ချက်ကို လက်မှတ်ရေးထိုးမည် ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကာဇက်စတန်နိုင်ငံ အက်စ် တာနာမြို့၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက် ရေးအဖွဲ့ ထိပ်သီးညီလာခံ၌ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ နှင့် ဒစ်ဂျစ်တယ်စီးပွားရေး ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အဖွဲ့ဝင်နိုင်ငံ များက သဘောတူခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံ၌ ဆောက်လုပ်ဆဲမြစ်ကူးတံတားတစ်စင်း ကေဘယ်ကြိုးပြတ်တောက်မှုဖြစ်ပွား

**ပေကျင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံ အနောက် မြောက်ပိုင်း ချင်းဟိုင်ပြည်နယ်ရှိ ဆောက်လုပ်ဆဲ မြစ်ကူးတံတား တစ်စင်း၌ သံမဏိကေဘယ်ကြိုး ပြတ်တောက်မှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၀ ဦးသေဆုံး၍ လေးဦး ပျောက်ဆုံးနေကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြ ထားသည်။

မြစ်ဝါမြစ်ကို ဖြတ်ကျော်တည် ဆောက်နေသည့် အဆိုပါတံတား သစ်၏ လုပ်ငန်းသုံးသံမဏိကေ ဘယ်ကြိုး ပြတ်တောက်မှုသည် ယနေ့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

လုပ်ငန်းသုံး ကေဘယ်ကြိုး ပြတ်တောက်မှုကြောင့် တံတား၏ ကိုယ်ထည် အစိတ်အပိုင်းများ မြစ်ဝါမြစ်ထဲသို့ ကျရောက်ခဲ့ရ ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပျောက်ဆုံး နေသူ လေးဦးကိုရှာဖွေကယ်ဆယ် ရေးသမားများက ရှာဖွေနေကြ ကြောင်း သိရသည်။

အဆိုပါတံတားသည် စီချွမ်–ချင်းဟိုင်းရထားလမ်းကြောင်းပေါ် ၌ တည်ဆောက်နေသော မြစ်ဝါ မြစ်ကူးတံတားဖြစ်သည်။

လုပ်ငန်းသုံး သံမဏိကေဘယ် ကြိုးပြတ်တောက်ချိန်တွင် တံတား ပေါ်၌ အလုပ်သမား ၁၅ ဦးနှင့် စီမံကိန်းမန်နေဂျာတစ်ဦးတို့ ရှိနေ ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ရုရှားအာကာသအေဂျင်စီက BIO-M No. 2 ဂြိုဟ်တုကို ဩဂုတ် ၂၀ ရက်က ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့



မော်စကို ဩဂုတ် ၂၂

ရုရှား အာကာသအေဂျင်စီသည် BIO-M No. 2 အမည်ရှိ ဂြိုဟ်တုကို ဩဂုတ် ၂၀ ရက်က ဆိုယုဇ်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၁ ရက်သတင်းများအရ သိရသည်။

BIO-M No. 2 ဂြိုဟ်တု သယ်ဆောင်ထားသော ဆိုယုဇ် ဒုံးပျံကို ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

BIO-M No. 2 ဂြိုဟ်တုသည် ကြွက် ၇၅ ကောင်၊ ယင်ကောင် ၁၀၀၀၊ အဏုဇီဝပိုးများ၊ ဆဲလ်ဖွဲ့စည်းပုံများနှင့် သစ်စေ့များကို သယ်ဆောင်ထားကြောင်း သိရသည်။

BIO-M No. 2 ဂြိုဟ်တုသည် အထက်ပါ သက်ရှိများနှင့်အတူ ကမ္ဘာပတ် လမ်းကြောင်းပေါ်၌ ရက်ပေါင်း ၃၀ ကြာပျံသန်းပြီးနောက် ကမ္ဘာမြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် ရုရှားအာကာသအေဂျင်စီ၏ အာကာသဆေးပညာသုတေသန အစီအစဉ်အရ လွှတ်တင်ခဲ့သော ဒုတိယမြောက် BIO-M ဂြိုဟ်တုဖြစ်ပြီး ရုရှား အာကာသအေဂျင်စီသည် BIO-M No. 1 ဂြိုဟ်တုကို သက်ရှိမျိုးစုံထည့်သွင်း၍ ၂၀၁၃ ခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Ref : Russia Today

Trs : KKO

## တောင်ကိုရီးယားအာကာသအေဂျင်စီ၏ K-Rad Cube ဂြိုဟ်တုကို နာဆာ၏အားတီးမစ်-၂ မစ်ရှင်၌ ထည့်သွင်းလွှတ်တင်ရန် စီစဉ်

ဆိုးလ် ဩဂုတ် ၂၂

တောင်ကိုရီးယား အာကာသအေဂျင်စီသည် K-Rad Cube အမည်ရှိဂြိုဟ်တုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)၏ အားတီးမစ်-၂ မစ်ရှင်၌ ထည့်သွင်းလွှတ်တင်ရန် စီစဉ်ထားကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

တောင်ကိုရီးယား အာကာသအေဂျင်စီ၏ K-Rad Cube ဖြာထွက်ရောင်ခြည် လေ့လာရေး ဂြိုဟ်တုသည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အလေးချိန် ၁၉ ကီလိုဂရမ်ရှိသော K-Rad Cube ဂြိုဟ်တုသည် ဗင်အယ်လ်လန် ဖြာထွက်ရောင်ခြည် ခါးပတ်ကွင်းနယ်မြေကို လေ့လာမည့် ကျူဆက်ဂြိုဟ်တုဖြစ်ကြောင်း၊ တောင်ကိုရီး အာကာသအေဂျင်စီသာမက ဂျာမနီ အာကာသ အေဂျင်စီကလည်း TACHELES ကျူဆက်ဂြိုဟ်တုကို အားတီးမစ်-၂ မစ်ရှင်၌ ထည့်သွင်းလွှတ်တင်ရန် စီစဉ်ထားသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၂ မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန် အာကာသယာဉ်ကို SLS ဒုံးပျံဖြင့်



၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် ဧပြီလကြား လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ မစ်ရှင်သက်တမ်း ၁၀ ရက် ကြာမြင့်မည့် အားတီးမစ်-၂ မစ်ရှင်အတွင်း အိုရီယွန်အာကာသယာဉ်သည် အာကာသယာဉ်မှူး လေးဦးကို လကမ္ဘာဝန်းကျင်သို့ ပို့ဆောင်ပေးမည်ဖြစ်သည်။


Ref : Xinhua News

Trs : KKO

## နာဆာ၏ ဆိုက်ခ်ီအာကာသယာဉ်က ယခုနှစ် ဇူလိုင်လအတွင်း ကမ္ဘာဂြိုဟ်နှင့်လကမ္ဘာတို့ကို ဓာတ်ပုံများရိုက်ကူးခဲ့

ဝါရှင်တန် ဩဂုတ် ၂၂

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံ



ခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆိုက်ခ်ီအာကာသယာဉ်သည် ယခုနှစ် ဇူလိုင်လအတွင်း ကမ္ဘာဂြိုဟ်နှင့် လကမ္ဘာတို့ကို ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

ဆိုက်ခ်ီအာကာသယာဉ်သည် ပုံရိပ်ဖော်ကင်မရာစနစ်ကို ချိန်ညှိသည့်အနေဖြင့် လကမ္ဘာနှင့်ကမ္ဘာဂြိုဟ်တို့ကို ဓာတ်ပုံများရိုက်ကူးခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် ဆိုက်ခ်ီအမည်ရှိ သတ္တုဂြိုဟ်သိမ် တစ်စင်းကို လေ့လာရေးအတွက် ဆိုက်ခ်ီအာကာသယာဉ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် လွှတ်တင်ခဲ့သည်။

ဆိုက်ခ်ီအာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလတို့၏ ဓာတ်ပုံများကို မိုင်ပေါင်း သန်း ၁၈၀ အကွာမှတစ်ဆင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ဆိုက်ခ်ီအာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် ဆိုက်ခ်ီသတ္တုဂြိုဟ်သိမ်ရှိရာသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ ဆိုက်ခ်ီဂြိုဟ်သိမ်သည် လက်ရှိတွင် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်းသန်း ၃၉၀ ကျော်အကွာတွင် တည်ရှိနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကိုဗစ်ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်ကြောင့် သွေးကြောများသက်တမ်းအိုမင်းမှု ပိုမြန်လာနိုင်

ပဲရစ် ဩဂုတ် ၂၂

ကိုဗစ်ရောဂါကို ဖြစ်ပွားစေသည့် ဗိုင်းရပ်ကြောင့် သွေးကြောများသက်တမ်းအိုမင်းမှု ပုံမှန်ထက် ပိုမိုမြန်ဆန်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

သွေးကြောများ၏သက်တမ်း အိုမင်းမှု ပုံမှန်ထက် မြန်လာမှုကြောင့် ရေရှည်တွင် နှလုံးရောဂါဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေနှင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ပြင်သစ် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လူများ အသက်ကြီးလာချိန်တွင် ပုံမှန်အားဖြင့် သွေးကြောများ၏သက်တမ်း အိုမင်းမှုပြဿနာ သို့မဟုတ် သွေးကြောများမာကျစ်မှုပြဿနာ ပေါ်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် ပြင်သစ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါ ဖြစ်ပွားခဲ့ပါက ရောဂါလက္ခဏာများမပြင်းထန်ခဲ့လျှင်ပင် သွေးကြောများ၏ သက်တမ်း ငါးနှစ်ထိ ပိုအိုမင်းသွားနိုင်ကြောင်း၊ အထူးသဖြင့် ကိုဗစ်ရောဂါဖြစ်ပွားစေသော ဗိုင်းရပ်ကြောင့် သွေးကြောများ အိုမင်းမှု ပိုမိုမြန်ဆန်လာမှု ပြဿနာမှာ အမျိုးသမီးများ၌ ပို၍ပြင်းထန်တတ်ကြောင်း ပြင်သစ်သိပ္ပံပညာရှင်များက ပြောကြားသည်။

ပြင်သစ် သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၁၆ နိုင်ငံတို့မှ ကိုဗစ်လူနာ ဦးရေ ၁၃၉၀ တို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အလွန်ပူလောင်သည့်ကော်ဖီကို ပုံမှန်သောက်သုံးပါက ESCC ကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်

လန်ဒန် ဩဂုတ် ၂၂

အလွန်ပူလောင်သည့် ကော်ဖီ ပုံမှန်သောက်သုံးသူများ၌ Esoph-ageal Squmous Cell Carci-noma (ESCC) ခေါ် အစာပြွန်လမ်းကြောင်း ကင်ဆာရောဂါတစ်မျိုး ဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၂၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ အမျိုးသားကင်ဆာသုတေသနအင်စတီကျူမှ သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ကျော်တို့၏ လစဉ် ကော်ဖီသောက်သုံးမှု အလေ့အထနှင့် ကျန်းမာရေးအချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလွန်ပူလောင်သော ကော်ဖီကို တစ်ရက်လျှင် ရှစ်ခွက်နှင့်အထက် သောက်သူများသည် ကော်ဖီခပ်နွေးနွေး သောက်သူများထက် ESCC ကင်ဆာရောဂါဖြစ်နိုင်ခြေ ၅ ဒသမ ၆ ဆ မြင့်မားနေတတ်ကြောင်း၊ လေးခွက်ထိ သောက်သုံးသူများ၌ ESCC ကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၁ ဒသမ ၆ ဆထိမြင့်မားလာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အပူချိန် ၁၄၉ ဒီဂရီဖယ်ရင်ဟိုက်ထိရှိသည့် အလွန်ပူလောင်သော ကော်ဖီများသည် လူသားများအတွက် ကင်ဆာများ ဖြစ်စေနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ဒေါက်ကလပ်လူးဝစ်ကို ခေါ်ယူနိုင်ခဲ့ကြောင်း နော်တင်ဟမ်အသင်း ထုတ်ပြန်

လန်ဒန် ဩဂုတ် ၂၂

နော်တင်ဟမ် အသင်းသည် ဂျူဗင်တပ်အသင်းမှ ထွက်ခွာရန် ကြိုးပမ်းနေသည့် ကွင်းလယ် ကစားသမား ဒေါက်ကလပ်လူးဝစ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက် ၂၇ နှစ်ရှိ ကွင်းလယ်ကစားသမားသည် အေဗီလာအသင်းတွင် ကစားခဲ့စဉ်က ခြေစွမ်းပြသနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၂၀၄ ပွဲ ကစားခဲ့ရာတွင် သွင်းဂိုး ၂၂ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၄ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် ဂျူဗင်တပ်အသင်းသို့ ယူရို သန်း ၅၀ ဖြင့်ပြောင်းရွှေ့ခဲ့ရာတွင် ပုံမှန်ပွဲကစားခွင့်ပျောက်ဆုံးခဲ့သောကြောင့် တစ်ရာသီကစားအပြီးတွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် နော်တင်ဟမ်အသင်းက ကစားသမားကို ကနဦး တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ပြီး စာချုပ်ကုန်ဆုံးပါက အပြီးသတ်ခေါ်ယူခွင့်ပါသည့် သဘောတူညီချက်ပါရှိခဲ့သည်။

နည်းပြ ဆန်းတို့စ်အနေဖြင့် ဒေါက်ကလပ်လူးဝစ်အား လာမည့် တနင်္ဂနွေနေ့တွင် ကစားရမည့် ပဲလေ့စ်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ခွင့်ပေးသွားမည်ဖြစ်သောကြောင့် ကစားသမားစာရင်းတွင် ထည့်သွင်းခဲ့သည်။

နော်တင်ဟမ်အသင်းအနေဖြင့် ယခုနွေရာသီအပြောင်းအရွှေ့စတင်ချိန်တွင် ကန်ဟာ၊ အီဂေါ်ဂျီးဆပ်တို့ကို ခေါ်ယူခဲ့ပြီးနောက် မက်ကေတီး၊ အာနက်၊ အန်ဒိုရီ၊ ဟက်ချင်ဆန်နှင့် ဒေါက်ကလပ်လူးဝစ်တို့ကို ထပ်မံခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၂) ပွဲကြိုသုံးသပ်ချက်

M L

ဖူလ်ဟမ် Vs မန်ယူ

ကစားမည့်ရက်/အချိန် ၂၄-၈-၂၀၂၅ (ည ၁၀း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်ယူ ၁-၁ ဖူလ်ဟမ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | - | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(သရေ) |
| မန်ယူ | - | အိမ်(သရေ) | အိမ်(သရေ) | အိမ်(ရှုံး) |

ဖူလ်ဟမ်အသင်းဟာ အဖွင့်ပွဲစဉ်မှာ ဘရိုက်တန်ကို အပြန်အလှန်ဖိအားပေးမှုတွေလုပ်နိုင်ခဲ့ပြီး နောက်ကျဂိုးနဲ့ ရမှတ်ခွဲယူနိုင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းကတော့ အိမ်ကွင်းမှာ အာဆင်နယ်ကို ခြေစွမ်းပိုင်းအသာနဲ့ ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ပေမဲ့ ဂိုးရဖို့ခက်ခဲခဲ့တာကြောင့် ရမှတ်ဆုံးရှုံးသွားလို့ အခုပွဲစဉ်မှာ ကစားသမားစုဖွဲ့မှုအားနည်းတဲ့ ဖူလ်ဟမ်အသင်းကို ဖိအားပေးပြီး နိုင်ပွဲရဖို့ကြိုးစားလာမှာပါ။

ခန့်မှန်းရလဒ် - ဖူလ်ဟမ် ၁ - ၂ မန်ယူ

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ကစားမည့် လာလီဂါပွဲစဉ်ကို အမေရိကန်နိုင်ငံ မီယာမီမြို့တွင် ကျင်းပရန် စီစဉ်ထားမှုကို လာလီဂါကလပ်အသင်းများမှ အသင်းခေါင်းဆောင်နှင့် ကစားသမားများက ဆန့်ကျင်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။
- အေစီမီလန်အသင်းက လေဗာကူဆင်အသင်း တိုက်စစ်မှူး ဘွန်နီဖေ့ကို တစ်ရာသီအငှားစာချုပ် ပြောင်းရွှေ့ကြေး ယူရို ငါးသန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး ယူရို ၂၄ သန်းဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါရှိခဲ့သည်။
- ခံစစ်ကစားသမား ရူဘင်ဒီယက်စ်က မန်စီးတီးအသင်းနှင့် လေးနှစ်သက်တမ်းတိုးရန် သဘောတူညီမှုရခဲ့ပြီးနောက် အသင်းတွင်သာ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

## နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ရတနာပုံအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် ဩဂုတ် ၂၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရတနာပုံအက်ဖ်စီအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ငါးမိနစ်တွင် ကောင်းမြတ်သူက မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၁၀ မိနစ်နှင့် ၄၄ မိနစ်တို့တွင် ပြည့်မိုးက ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းတွင် ရတနာပုံအက်ဖ်စီအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၆၈ မိနစ်တွင် ကောင်းမြတ်သူက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် အချိန်ပို ငါးမိနစ်တွင် မြတ်ကောင်းခန့်က ရတနာပုံအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရတနာပုံအက်ဖ်စီအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ဩဂုတ် ၂၃ ရက် ညနေ၃နာရီခွဲ၌သီဟဒီပအားကစားကွင်းတွင် ISPE အသင်းနှင့် ရှေ့ဝတီ ယူနိုက်တက်အသင်း၊ ညနေ ၃နာရီခွဲ၌ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## နော်တင်ဟမ်အသင်းက နည်းပြဆန်းတို့စ်ကို ရာထူးမှထုတ်ပယ်ရန် စီစဉ်နေဟုဆို

လန်ဒန် ဩဂုတ် ၂၂

နော်တင်ဟမ် အသင်းသည် ကစားသမား ခေါ်ယူမှုနှင့်ပတ်သက်၍ အသင်းနည်းပြ ဆန်းတို့စ်နှင့် တင်းမာမှုများ ရှိလာသောကြောင့် ရာထူးမှ ထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

နည်းပြဆန်းတို့စ်သည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁၅၁ သန်းထိ အသုံးပြုခဲ့ပြီးနောက် အသင်းပိုင်ရှင် အီဗန်ဂျီလို့စ်က ၎င်းကိုအပြောင်းအရွှေ့မူဝါဒနှင့်ပတ်သက်၍ သဘောကျမှုမရှိခဲ့ဘဲ ရာထူးမှထုတ်ပယ်ရန် စီစဉ်နေခြင်းဖြစ်သည်။

အသက် ၅၁ နှစ်ရှိ နည်းပြ ဆန်းတို့စ်သည် နော်တင်ဟမ်အသင်းကို ပြီးခဲ့သည့် ဘောလုံးရာသီက အမှတ်ပေးဇယားပြီးဆုံးချိန်တွင် ယူရိုပါလိဂ်ယှဉ်ပြိုင်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သူဖြစ်ကာ အသင်းကို ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးဥရောပပြိုင်ပွဲကစားခွင့်ရယူပေးခဲ့သဖြင့် အသင်းပရိသတ်များ၏အားပေးထောက်ခံမှုကို ရရှိထားသောကြောင့် ၎င်းကိုထုတ်ပယ်ခဲ့ပါက အသင်းအနေဖြင့် ပရိသတ်များ၏ဆန့်ကျင်မှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။

၎င်းသည် နော်တင်ဟမ်အသင်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက တာဝန်ယူခဲ့ပြီးနောက် အသင်းကို ပြိုင်ပွဲစုံ ၇၁ ပွဲကြီးကြပ်ခဲ့ရာတွင် ၂၈ ပွဲနိုင်၊ ၁၉ ပွဲသရေ၊ ၂၄ ပွဲရှုံးရလဒ်ရရှိခဲ့ပြီး ၃၉ ဒသမ ၄၄ ရာခိုင်နှုန်းသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ကစားသမားအပြောင်းအရွှေ့များတွင် ငွေကြေးသုံးစွဲမှု အများအပြားပြုလုပ်ခဲ့မှုကြောင့် အသင်းပိုင်ရှင်က ၎င်း၏ကစားသမား ခေါ်ယူမှုကို မနှစ်သက်ဘဲ ရာထူးမှထုတ်ပယ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## လေဗာကူဆင်အသင်းက မန်စီးတီးအသင်းမှ အယ်ချီဘာရီကို အငှားစာချုပ်ဖြင့်ခေါ်ယူ

ဘာလင် ဩဂုတ် ၂၂

လေဗာကူဆင် အသင်းသည် တိုက်စစ်ပိုင်းမှ ဘွန်နီဖေ့ကို အေစီမီလန်အသင်းကို ရောင်းချခဲ့ပြီးနောက် မန်စီးတီးအသင်း လူငယ် တိုက်စစ်ကစားသမား အယ်ချီဘာရီကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အယ်ချီဘာရီကို ခေါ်ယူရန် ဒေါ့မွန်အသင်း၊ လာဇီယိုအသင်း၊ ဂျီရိုနာအသင်းတို့က ကြိုးပမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် လေဗာကူဆင်အသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း အပြီးသတ် ဝယ်ယူခွင့်မပါရှိခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ တိုက်စစ်မှူးသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလက ရေဗားပလိတ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သော်လည်း စာချုပ်ပါ သဘောတူညီချက်အရ ရာသီဝက် အငှားစာချုပ်ဖြင့် ရေဗားပလိတ်အသင်းတွင် ကစားခွင့်ပေးခဲ့ရပြီး အသင်းနှင့်ပူးပေါင်းချိန်တွင် ဖီဖာကလပ်ကမ္ဘာ့ဖလားတွင် ပြိုင်ပွဲစုံသုံးပွဲသာ ကစားခွင့်ရခဲ့ကာ သွင်းဂိုးတစ်ဂိုးသာသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။



လေဗာကူဆင်အသင်းအနေဖြင့် နည်းပြတန်ဟတ်ရောက်ရှိလာချိန်တွင် ခံစစ်ကစားသမား ဖရင်ပေါင်နှင့် ဖလိုရီယန်ဝစ်ကို လီဗာပူးအသင်းသို့လည်းကောင်း၊ အိုဒီလွန်ကို အတ္တလန်တာအသင်းသို့လည်းကောင်း၊ ရှာကာကို ဆန်းဒါးလန်း အသင်းသို့လည်းကောင်း၊ အက်ဒလီကို ဘုန်းမောက်အသင်းသို့လည်းကောင်းပြောင်းရွှေ့ခွင့်ပြုခဲ့ပြီး ဘရန့်ဖို့ဒ်အသင်းမှ ဂိုးသမား ဖလက်ကန်၊ လီဗာပူးအသင်းမှ ကွမ်ဆာဟ်၊ ပီအက်စ်ဗွီအသင်းမှ မာလစ်၊ အယ်ခမာအသင်းမှ ပိုကူ၊ မန်စီးတီးအသင်းမှ အယ်ချီဗာရီနှင့် ဆီဗီလာအသင်းမှ ဘာလိတ်တို့ကို ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံက ငွေတံဆိပ်တစ်ခုထပ်မံဆွတ်ခူး




**ရန်ကုန် ဩဂုတ် ၂၂**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိနေသည့် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာနိုင်ငံက ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ပွဲစဉ်များတွင် မြန်မာနိုင်ငံအတွက် ငွေတံဆိပ်ဆုကို Master Body–building(40–49) Up to 80 Kg ပွဲစဉ်တွင် မောင်မောင်မြင့်က ငွေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များတွင် မြန်မာနိုင်ငံမှ မီမီကျော်နိုင်က Swimsuit up to 165 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပဉ္စမနေရာတွင်လည်းကောင်း၊ ဖူးဖူးသန့်က လည်း Swimsuit over 165 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပဉ္စမနေရာတွင်လည်းကောင်း အသီးသီး ရပ်တည်နိုင်ခဲ့သည်။

၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ပွဲစဉ်များအပြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် သုံးခု ဆွတ်ခူးထားနိုင်ခဲ့သည်။

၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၅ ရက်ထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံကလည်း ဆက်လက် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဟန်လေဦးဆောင်

**အတ္တလန်တာ ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပနေသည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဟန်လေက သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသော စကော့တီရှက်ဖလာက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မိုရီကာဝါ၊ ကန်တလေ၊ သောမတ်စ်၊ စကော့တလန်ဂေါက်သီးရိုက်ကစားသမား မက်အင်တိုင်ရီနှင့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်တို့က သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

FedEx Cup အမှတ်ပေးဇယား၏ ထိပ်သီးကစားသမားဦးရေ ၃၀ သာ ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် ပြိုင်ပွဲဖြစ်သလို ကမ္ဘာ့အဆင့် ကစားသမားများသာ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ခက်ခဲသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

ချန်ပီယံဆုအား ဆွတ်ခူးနိုင်မည့် ပြိုင်ပွဲဝင်သည် Tour Cham–pionship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ဆွတ်ခူးနိုင်မည့်အပြင် FedEx Cup ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်မည်ဖြစ်သည့် အတွက် ဆုကြေးမြင့်မားသည့် ပြိုင်ပွဲဖြစ်သလို ကမ္ဘာ့အဆင့်သတ်မှတ်ချက်အတွက် များစွာအထောက်အကူပြုစေမည့် ဆုလည်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL



# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှ ကစားသမား ငါးဦးကို ISPE အသင်း ကာလတိုစာချုပ်ချုပ်ဆို ခေါ်ယူ

**ရန်ကုန် ဩဂုတ် ၂၂**

မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ISPE အသင်းက အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှု ရရှိနိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ ကစားသမား ငါးဦးကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ISPE အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အမျိုးသမီး အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ISPE အသင်းက အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ ကစားသမားများဖြစ်သည့် ယွန်းဝတီလှိုင်၊ ဖြူဖွေး၊ ဖြူဖြူဝင်း၊ မေထက်လူနှင့် စန်းသော်သော်တို့ကို ကာလတိုစာချုပ်ဖြင့် ခေါ်ယူခဲ့ပြီး အဆိုပါကစားသမားငါးဦးသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အဓိက ကစားသမားများအဖြစ်ပါဝင်နေသူဖြစ်သည်။

ISPE အသင်းသည် အမျိုးသမီးအာရှချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ် ၂၅ ရက်တွင် ဂူအန်ကလပ် Strykers အသင်း၊ ဩဂုတ် ၂၈ ရက်တွင် မွန်ဂိုလီးယားကလပ် Kgovd Western အသင်း၊ ဩဂုတ် ၃၁ ရက်တွင် ဖိလစ်ပိုင်ကလပ် Stallion Luguna အသင်းတို့နှင့် ကစားရမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ပြီး ယင်းပွဲစဉ်ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်ကစားသမား ဘရာဟမ်ဒီယက်ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိ

**မက်ဒရစ် ဩဂုတ် ၂၂**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ လူငယ်တိုက်စစ်ကစားသမားဘရာဟမ်ဒီယက်ကို ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။



ဘရာဟမ်ဒီယက်သည် မန်စီးတီးအသင်း အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်သော်လည်း မန်စီးတီးအသင်းတွင် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခွင့်ရရှိခဲ့သည့်အတွက် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ဘရာဟမ်ဒီယက်သည် ရီးရဲလ်မက်ဒရစ် အသင်းတွင်လည်း တစ်ရာသီသာကစားခဲ့ရပြီးနောက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က အေစီမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် ထပ်မံပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဘရာဟမ်ဒီယက်သည် အေစီမီလန်အသင်းတွင် အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရာ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က အသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကလည်း နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် ပွဲကစားခွင့်များရရှိခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘရာဟမ်ဒီယက်နှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့သည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

ဘရာဟမ်ဒီယက်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ပြီးနောက် အသင်းနှင့်အတူ ၁၀၁ ပွဲ ပါဝင်ကစားထားပြီး ၁၈ ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# WBC ယာယီစူပါဝဲယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အော့တစ်ဇ်ဂျူနီယာ လူဘင်နှင့် ထိုးသတ်မည်

**တက္ကဆက် ဩဂုတ် ၂၂**

WBC ယာယီစူပါဝဲယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမား အော့တစ်ဇ်ဂျူနီယာသည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား လူဘင်နှင့် နိုဝင်ဘာ ၈ ရက်တွင် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အော့တစ်ဇ်ဂျူနီယာသည် ရှုံးပွဲမရှိသေးသည့် ယာယီကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိကမ္ဘာ့ချန်ပီယံအား စိန်ခေါ်ထိုးသတ်ရန် ပြင်ဆင်နေသူ ဖြစ်သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် လက်ရှိ ယာယီကမ္ဘာ့ချန်ပီယံအား ကာကွယ်ထိုးသတ်ထားပြီး သတ်မှတ်စည်းမျဉ်းအရ နောက်ဆုံး ထိုးသတ်ခဲ့သည့်ပွဲစဉ် ခြောက်လကျော်လွန်လာပြီဖြစ်သည့်အတွက် ယာယီချန်ပီယံအား စိန်ခေါ်ခွင့်ရထားသူမှ စိန်ခေါ်လာပါက လက်ခံထိုးသတ်သွားရမည် ဖြစ်သည့်အတွက် လူဘင်၏ စိန်ခေါ်မှုအား လက်ခံထိုးသတ်သွားရမည်ဖြစ်သည်။

စိန်ခေါ်သူလူဘင်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝသက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၂၉ ပွဲထိုးသတ်ထားသူဖြစ်ပြီး နိုင်ပွဲ ၂၇ ပွဲထိရရှိထားကာ နှစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးသုံးပွဲ ဆက်တိုက် အနိုင်ရရှိခဲ့သဖြင့် လက်ရှိယာယီချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့် ရရှိထားသူဖြစ်ကြောင်း သိရသည်။


Ref : DAZN
Trs : AZL

# ရွှေ့ပြောင်းတောင်ယာစနစ်မှ တောင်စောင်းစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းကျင့်သုံးကြပါစို့

အရှေ့တောင်အာရှမှာ မြေဧရိယာအကျယ်အဝန်းအနေနဲ့ အင်ဒိုနီးရှားနိုင်ငံပြီးရင် မြန်မာနိုင်ငံက ဒုတိယမြောက်အကြီးဆုံးနိုင်ငံဖြစ်ပါတယ်။ သဘာဝအရင်းအမြစ်တွေကြွယ်ဝတဲ့ မြန်မာနိုင်ငံမှာ ရွှေ့ပြောင်း တောင်ယာစနစ်ဟာ ရှေးယခင်ကတည်းက ကျင့်သုံးလာခဲ့တဲ့ စိုက်ပျိုးရေးနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာဆိုတဲ့အတိုင်း တစ်နေရာတည်းမှာ အတည်တကျစိုက်တာမျိုးမဟုတ်ဘဲ အလှည့်ကျ မြေကို အနားပေးပြီး ပြောင်းလဲစိုက်ပျိုးတာပါ။ စိုက်ပျိုးဖို့ နေရာတစ်ခုရဖို့အတွက် သစ်ပင်၊ ချုံနွယ်များကို ခုတ်လှဲရှင်းလင်းရပါတယ်။ တောင်သူအများစုကတော့ တောထဲမှာစိုက်ပျိုးဖို့ အဆင်ပြေမဲ့ နေရာရဖို့ လွယ်လွယ်ကူကူပဲ မီးရှို့ရှင်းလင်းလိုက်ပြီး ရရှိလာတဲ့ နေရာကို ဓာတ်မြေဩဇာမသုံးဘဲ မြေကြီးရဲ့ ပင်ကိုယ်သဘာဝမြေဆီမြေနှစ် အရှိအတိုင်း စိုက်ပျိုးပါတယ်။ နှစ်နှစ်ကနေ သုံးနှစ်လောက်အကြာမှာ မူလမြေနေရာက မြေဆီဩဇာကျဆင်းလာပြီး သီးနှံအထွက်နှုန်းလျော့ကျလာတဲ့အခါ အခြားနေရာအသစ်ကို ရွှေ့ပြောင်းစိုက်ပျိုးပါတယ်။ စိုက်ပြီး စွန့်ထားခဲ့တဲ့မြေကို ငါးနှစ်မှ ၁၀ နှစ်ခန့်ထိ သဘာဝအတိုင်း ပြန်လည်အနားပေးပြီး နောက်ပိုင်း ပြန်စိုက်ကြပါတယ်။ ဒီစနစ်ကို မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ၊ အာဖရိကနဲ့ တောင်အမေရိကမှာရှိတဲ့ တိုင်းရင်းသားလူမျိုးများစွာက ရာစုနှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ကြပါတယ်။ မြန်မာနိုင်ငံမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးတာကို တောင်ပေါ်ဒေသတွေနဲ့ ဝေးလံခေါင်သီတဲ့ ကျေးလက်ဒေသတွေမှာ အများဆုံးတွေ့ရလေ့ရှိပါတယ်။

အခုခေတ်ကာလမှာ လူဦးရေတိုးပွားလာမှု၊ မြို့ပြချဲ့ထွင်လာမှု စတာတွေကြောင့် စိုက်ပျိုးမြေအရင်းအမြစ်တွေ ရှားပါးလာသလို ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် သစ်တောပြုန်းတီးမှု၊ ဇီဝမျိုးစုံမျိုးကွဲတွေဆုံးရှုံးမှု၊ မြေဆီလွှာတိုက်စားမှု၊ မီးခိုးမြူငွေ့ဖြစ်ပေါ်မှု၊ လေထုညစ်ညမ်းမှု အစရှိတာတွေဖြစ်ရုံမျှသာမက သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပြီး ရာသီဥတုပြောင်းလဲပျက်စီးမှု များစွာဖြစ်ပေါ်လာပါတယ်။ ဆိုးရွားတဲ့ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နေရာများစွာမှာ သဘာဝဘေးအန္တရာယ်မျိုးစုံနဲ့ ရင်ဆိုင်နေကြရပြီဖြစ်ပါတယ်။

ဒါကြောင့် ကမ္ဘာ့နိုင်ငံများစွာမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ဖို့နဲ့ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ဖို့အတွက် စိုက်ပျိုးရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ မည်သည့် အကြောင်းပြချက်နဲ့မှ မီးရှို့တာတွေမလုပ်ဖို့ကို တင်းကျပ်တဲ့ စည်းမျဉ်းတွေချမှတ်ပြီး တားမြစ်တာ၊ ကန့်သတ်တာတွေ ပြုလုပ်လျက်ရှိပါတယ်။ အထူးသဖြင့် ဈေးကွက်ကို ကန့်သတ်ထားတာလုပ်ပါတယ်။ ဥပမာအနေနဲ့ ဥရောပသမဂ္ဂ (EU) နိုင်ငံတွေ၊ အမေရိကန်၊ ဂျပန် ၊ဩစတြေးလျ အစရှိတဲ့ နိုင်ငံတွေမှာဆိုရင် မီးရှို့စိုက်ခင်းတွေက ထွက်ကုန်တွေကို မဝယ်ပါဘူး။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးထုတ်ကုန်တွေကို ပြည်တွင်းသုံးစွဲလို့ ပိုလျှံတဲ့အခါ ပြည်ပကို တင်ပို့ရောင်းချရာမှာ နိုင်ငံတကာဈေးကွက်ကို အားထားမှီခိုနေရပါတယ်။ မြန်မာနိုင်ငံကထွက်တဲ့ ပြောင်းသီးနှံအများစုကို ထိုင်းက ဝယ်ယူတာဖြစ်ပါတယ်။ ခုဆိုရင် ထိုင်းနိုင်ငံကလဲ မီးရှို့စိုက်ခင်းတွေက ထွက်တဲ့ ပြောင်းသီးနှံအပါအဝင် အခြားသီးနှံတွေကို ဝယ်ယူမှာမဟုတ်ဘူးလို့ တရားဝင် အသိပေးအကြောင်းကြားထားပါတယ်။ ၎င်းတို့ဝယ်ယူမဲ့ ပြောင်းတွေကို စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် မီးရှို့ထားတာ ရှိ၊ မရှိ ပြန်လည်စစ်ဆေးသည့်စနစ် (Traceability System)ကို အသုံးပြုသွားမယ်လို့ သိရပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေအနေနဲ့ ရွှေ့ပြောင်းတောင်ယာမစိုက်ပျိုးဖို့လိုသလို စိုက်ပျိုးရေးလုပ်ငန်းတွေလုပ်ကိုင်ရာမှာ အကြောင်းအမျိုးမျိုးကြောင့် မီးရှို့တာတွေကို မလုပ်ဖို့လဲ သတိပြုသင့်ပါတယ်။ တောထဲမှာ မီးရှို့တာကို တခြားနေရာတွေက မသိလောက်ပါဘူးလို့ မထင်ကြပါနဲ့။ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ အာဆီယံဒေသတွင်းမှာဆိုရင် ဘယ်နေရာမှာ မီးရှို့နေတယ်၊ မီးလောင်နေတယ်ဆိုတာကို မိုဘိုင်းဖုန်းအပလီကေးရှင်း (Asean Fire Alert) ထဲကနေတစ်ဆင့် ကြည့်ရှုသိရှိနိုင်ပြီဖြစ်ပါတယ်။




တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားရှိမှု။

တောင်တန်းဒေသတွေ၊ ကုန်းမြင့်ဒေသတွေမှာဆိုရင် ရွှေ့ပြောင်းတောင်ယာအစား မြေဆီလွှာတိုက်စားမှုကို ကာကွယ်နိုင်ဖို့နဲ့ ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ဒီဇိုင်းထွင်ထားတဲ့ တောင်စောင်းစိုက်ပျိုးရေးစနစ် (SALT–Sloping Agricultural Land Technology) ကို မဖြစ်မနေ ပြောင်းလဲကျင့်သုံးသင့်ပါတယ်။ ဒီနည်းစနစ်ကို ၁၉၇၀ ပြည့်နှစ်ခန့်က ဖိလစ်ပိုင်နိုင်ငံမှာ စတင်တီထွင်ခဲ့တယ်လို့ သိရပြီး ဖိလစ်ပိုင်ရဲ့ တောင်ပေါ်ဒေသတွေမှာသာမက အာရှ၊ အာဖရိက၊ လက်တင်အမေရိကတွေကိုပါ နည်းပညာပျံ့နှံ့သွားပြီး အောင်မြင်စွာနဲ့ လက်တွေ့ အသုံးပြုလျက်ရှိကြောင်း သိရပါတယ်။ မြန်မာနိုင်ငံမှာလဲ ဒီစနစ်ကိုကျင့်သုံးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှနေပြီး လက်တွေ့ကွင်းဆင်းပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာလဲ တောင်တန်းဒေသတွေမှာ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေပြီဖြစ်ပါတယ်။

**တောင်စောင်းစိုက်ပျိုးရေးစနစ်၏ အရေးပါမှု**

ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးကို ဖော်ဆောင်နိုင်ဖို့ဆိုရင် ကုန်ထုတ်လုပ်မှု တိုးတက်ရုံမျှကိုသာ အလေးထားလို့မရပါဘူး။ ရေမြေဒေသနဲ့လိုက်လျောညီထွေရှိမဲ့ သီးနှံ၊ မျိုး၊ စိုက်စနစ်တွေကို အသုံးပြုတာ၊ မြေဆီလွှာနဲ့ ရေအရင်းအမြစ်တွေကို ပျက်စီးမှုမရှိအောင် ကာကွယ်ထိန်းသိမ်းတာ၊သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေအောင် ဆောင်ရွက်တာစတဲ့အချက်တွေကိုပါ ထည့်သွင်းစဉ်းစားပြီးပေါင်းစပ်ဆောင်ရွက်ရပါမယ်။ ဒီလိုလုပ်ဆောင်တာဟာဖြင့် မြေဆီလွှာတိုက်စားမှုတွေကို ကာကွယ်နိုင်မှာဖြစ်ပြီး မြေဆီဩဇာကို ရေရှည်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ တောင်စောင်းစိုက်ပျိုးရေးစနစ်ဟာ စိုက်ပျိုးမြေကို ရေရှည်တည်တံ့စေတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒီစနစ်မှာမြေဆီလွှာနဲ့ ရေတိုက်စားမှုမရှိအောင် စိုက်ပျိုးမြေတွေကို ကာကွယ်ထိန်းသိမ်းပြုပြင်တာ ဖြစ်ပါတယ်။ ကြီးထွားမှုမြန်ပြီး နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်တဲ့ ပဲမျိုးရင်းဝင်အပင်တွေ သို့မဟုတ် ချုံပုတ်ပင်တွေကို ကွန်တိုမြောင်းတစ်လျှောက်မှာ စည်းရိုးကန့်ပင်အဖြစ်နဲ့ စိုက်ပျိုးထားတဲ့စနစ်ဖြစ်ပြီး အပေါ်က တိုက်စားစီးဆင်းလာတဲ့ အနည်အနှစ်တွေကို ကွန်တိုမြောင်းထဲမှာ ဖမ်းယူပိတ်ဆို့ပြီး သဘာဝလှေကားထစ်တွေအဖြစ် ပြောင်းလဲပေးနိုင်တဲ့ သက်ရှိ ဇီဝအတားအဆီးတစ်ခု ဖြစ်ပါတယ်။

ဒီစနစ်ကျင့်သုံးမယ်ဆိုရင် ပထမဦးဆုံး သီးနှံစိုက်ပျိုးဖို့ သင့်တော်တဲ့တောင်ကုန်းကိုရွေးပြီး တောင်စောင်းတစ်လျှောက် ကွန်တို အနိမ့်၊ အမြင့် တူညီတဲ့နေရာတွေမှာ A ပုံသဏ္ဌာန်ပေါင်ကို အသုံးပြုပြီး ကွန်တိုလိုင်းပန္နက်ရိုက်ရပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ကွန်တိုပန္နက်ငုတ်တွေကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ချိန်ညှိပေးရပါမယ်။ တောင်ကုန်းအနေအထားမတ်စောက်ခဲ့ရင် ကွန်တိုလိုင်းတွေကို တစ်ခုနဲ့တစ်ခုအကွာအဝေး လေးမီတာကနေ ခြောက်မီတာခန့်ခွာသင့်ပြီး တောင်ကုန်းက ပြေပြစ်တယ်ဆိုရင်တော့ ခုနစ်မီတာကနေ ၁၀ မီတာခန့် ခွာနိုင်ပါတယ်။

ကွန်တိုလိုင်းပေါ်မှာ မြေအကျယ် သုံးပေခန့်ကို သေချာစွာ မြေပြုပြင်ပြီး စည်းရိုးကန့်အပင်တွေကို အပင်အမျိုးအစားအလိုက် တစ်တန်းနဲ့တစ်တန်း တစ်ပေခွဲခန့်ခြားပြီး နှစ်တန်း စိုက်ရပါမယ်။ စည်းရိုးကန့်ပင်တွေကို စိုက်တဲ့အခါမှာလေထဲက နိုက်ထရိုဂျင်ကို ဖမ်းယူနိုင်ဖို့ ပဲမျိုးရင်းဝင်အပင်တွေကို စိုက်သင့်ပါတယ်။ ဥပမာအနေနဲ့ ပဲစင်းငုံ၊ ဘောစကိုင်းစတာတွေ စိုက်နိုင်ပါတယ်။ စည်းရိုးကန့်ပင် နှစ်တန်းပူးစိုက်ထားတဲ့ စိုက်မြောင်းကြားထဲမှာ ကျောက်တုံးတွေ၊ သစ်ကိုင်းတွေ၊ ဆွေးမြည့်ဖို့ခက်တဲ့အပင်အကြွင်းအကျန်တွေ ဖြည့်ပေးတာဟာဖြင့် အချိန်ကြာလာတာနဲ့အမျှ သဘာဝအစိမ်းရောင်လှေကားထစ်ဖြစ်လာမှာဖြစ်ပါတယ်။ ပြောရမယ်ဆိုရင်တော့ စိုက်ကန့်တစ်ခုနဲ့ တစ်ခုကို စည်းရိုးကန့်ပင်တွေနဲ့ ခံထားပြီး မြေဆီလွှာနဲ့ရေတိုက်စားမှု လျော့နည်းအောင် လုပ်ထားတာပါ။ စည်းရိုးကန့်ပင်တွေ မကြီးခင်မှာ မြေဆီလွှာထိန်းနိုင်ဖို့ ကွန်တိုစိုက်ကန့် တစ်ကန့်ကျော် (၂၊ ၄၊ ၆၊ ၈) တွေမှာသာ ရာသီသီးနှံတွေစိုက်ပြီး စည်းရိုးကန့်ပင်တွေ ကြီးလာရင်တော့ စိုက်ကန့်တိုင်းမှာ စိုက်နိုင်ပါတယ်။

စည်းရိုးကန့်အပင်တွေ စိုက်တာနဲ့ တစ်ပြိုင်နက်တည်း ကွန်တိုစိုက်ကန့်တွေရဲ့ တတိယမြောက်အကန့်တိုင်းမှာ နှစ်ရှည်ပင်တွေ (ငှက်ပျော၊ ကော်ဖီ၊ သရက်) စိုက်ပေးရပါမယ်။ နှစ်ရှည်ပင်စိုက်ရမဲ့ စိုက်ကန့်တွေမှာ တောင်ကုန်းရဲ့ အမြင့်ပိုင်းမှာရှိတဲ့ အကန့်တွေအတွက် အပင်နိမ့်တာတွေ စိုက်သင့်ပြီး တောင်ကုန်းအနိမ့်ပိုင်း အကန့်တွေမှာတော့ အပင်မြင့်မြင့်တွေ စိုက်သင့်ပါတယ်။ မြင်လွယ်အောင်ပြောရမယ်ဆိုရင် ရာသီသီးနှံ နှစ်ကန့်စိုက်ပြီးတိုင်း နှစ်ရှည်သီးနှံ တစ်ကန့် စိုက်ထားတာပါ။ တောင်ထိပ်နဲ့ စိုက်ခင်းဘေးပတ်လည်တွေမှာ အကြီးမြန်တဲ့ ပဲမျိုးရင်းဝင်အပင်တွေ စိုက်ထားရပါမယ်။

စည်းရိုးကန့်အပင်တွေ အမြင့် သုံးပေကျော်လာရင် နှစ်ပေခန့်ချန်ပြီး အပေါ်ပိုင်းကိုဖြတ်ပေးဖို့လိုသလို ရာသီသီးနှံတွေကို လောင်းရိပ်မမိစေဖို့ ဘေးကိုင်းတွေကိုလဲ ဖြတ်ပေးသင့်ပါတယ်။ ကိုင်းဖြတ်ပြီး ရလာတဲ့ သစ်ရွက်၊ သစ်ခက်တွေကို ရာသီသီးနှံတွေစိုက်ပျိုးရာမှာ သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုနိုင်ပါတယ်။ အထူးသဖြင့် ဒါတွေကို ကွန်တိုစိုက်ကန့်တိုင်းရဲ့ အထက်ပိုင်းမှာရှိတဲ့ သီးနှံပင်တွေရဲ့အခြေမှာ စုပုံပေးတာဟာဖြင့် မြေဆီမြေနှစ်တွေ၊ အာဟာရဓာတ်တွေဟာ အထက်မှအောက်သို့ အလိုက်သင့် ရွှေ့လျားရောက်ရှိနိုင်ပါတယ်။ ရာသီသီးနှံတွေစိုက်တဲ့ စိုက်ကန့်တွေမှာ ယာစပါး၊ ပြောင်း၊ အာလူး စတဲ့ဒေသနဲ့သင့်လျော်ပြီး ဝင်ငွေကောင်းတဲ့သီးနှံတွေနဲ့ပဲမျိုးရင်းဝင်သီးနှံတွေကို အလှည့်ကျထည့်သွင်းစိုက်ပျိုးရမှာ ဖြစ်ပါတယ်။ ဒီစနစ်ဟာ တောင်စောင်းတစ်လျှောက် မြေဆီလွှာတိုက်စားမှုကို သိသိသာသာလျော့ကျစေပြီး မြေဆီဩဇာ ကောင်းမွန်စေရန် အထောက်အကူဖြစ်စေပါတယ်။ ဒီစနစ်ကိုကျင့်သုံးပြီး ငါးနှစ်လောက်ကြာရင် တောင်သူတွေမှာ မူလဝင်ငွေထက် သုံးဆလောက် ပိုရလာမှာဖြစ်ပါတယ်။

ရွှေ့ပြောင်းတောင်ယာစနစ်မှ တောင်စောင်းစိုက်ပျိုးရေးစနစ်ကို ကူးပြောင်းတာဟာဖြင့် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲတွေကို ကာကွယ်နိုင်တာ၊ ရေတိုက်စားမှုနဲ့ မြေဆီလွှာပျက်စီးမှုတွေကို လျှော့ချနိုင်တာ၊ တစ်နေရာတည်းမှာ အတည်အကျနေထိုင်စိုက်ပျိုးလာနိုင်တာ၊ သီးနှံအထွက်နှုန်း တိုးတက်တာ၊ ဈေးကွက်ခိုင်မာတာ၊ တောင်သူဝင်ငွေတိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်တာ၊ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုကို လျော့ကျစေတာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိတာ စတဲ့အကျိုးကျေးဇူးတွေ ရနိုင်ပါတယ်။ ဒါကြောင့် ရှေးရိုးရာ ရွှေ့ပြောင်းတောင်ယာစနစ်အစား မိမိတို့ရဲ့ သားစဉ်မြေးဆက် ရေရှည်တည်တံ့စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မဲ့ တောင်စောင်းစိုက်ပျိုးရေးစနစ်ကို စိုက်ပျိုးသွားဖို့ တောင်ကုန်း၊ တောင်တန်းဒေသတွေက တောင်သူလယ်သမားတွေကို အကြံပြုတိုက်တွန်းလိုက်ရပါတယ်။

ဒေါက်တာသူဇာဝင်း (စိုက်ပျိုးရေး)

# ကြောက်နေရမယ် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနား ပြုလုပ်



ရန်ကုန် ဩဂုတ် ၂၂

Yangon Picture နှင့် No Rules Production တို့ ပူးပေါင်းဖန်တီးမည့် ကြောက်နေရမယ် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဩဂုတ် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အိမ်တော်ရာစေတီတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူသရုပ်ဆောင် နေ့သစ်အေးအောင်ထံမှ သိရသည်။

အဆိုပါ ကြောက်နေရမယ် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ရွှေရည်ရွှန်းလဲ့က ရေးသားထားပြီး ဒါရိုက်တာ အောင်ချမ်းလူက တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

" ကိုအောင်ချမ်းလူ ရိုက်တဲ့ကားတွေဆို ဇာတ်လမ်း ဇာတ်အိမ်က အမြဲတမ်းထူးခြားပြီး ဆန်းသစ်မှု ရှိတယ်။ ဒီဇာတ်လမ်းတွဲကလဲ ကြောက်နေရမယ်ဆိုတဲ့အတိုင်း ကြောက်နေရမဲ့ ဇာတ်လမ်းတွဲတစ်တွဲဖြစ်မှာပါ။ ဝိညာဉ်နဲ့ပတ်သက်တဲ့ဇာတ်လမ်းတွေ အများကြီးထွက်နေတဲ့အထဲမှာ အထူးခြားဆုံး ဖြစ်မယ်လို့ပဲ ပြောချင်ပါတယ်" ဟု သရုပ်ဆောင် နေ့သစ်အေးအောင်က ပြောပြသည်။

အဆိုပါ ကြောက်နေရမယ် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ ဝေဖြိုး၊ နေ့သစ်အေးအောင်၊ ရဲထွဋ်မင်းခေါင်၊ ဟိန်းသန့်ဇေ၊ လွင်မင်းသန့်၊ ဆုထက်၊ စင်ဒီမြတ်၊ မြတ်အမရာနှင့် သရုပ်ဆောင်များစွာ ပါဝင်မည်ဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲကို Mahar Application မှ HD Rulity ဖြင့် ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Love of Your Life ဇာတ်ကား၌ မင်းသမီး ကက်သရင်းကင်နာ ပါဝင်

နယူးယောက် ဩဂုတ် ၂၂

Amazon MGM စတူဒီယို၏ Love of Your Life ဇာတ်ကားတွင် မင်းသမီး ကက်သရင်းကင်နာ ပါဝင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Love of Your Life ဇာတ်ကားတွင် မင်းသမီး ကက်သရင်းကင်နာသည် မင်းသမီး မာဂရက်ကွယ်လေ၊ မင်းသား ပက်ထရစ်ရှုဝါဇင်နက်ဂျာ တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Amazon MGM က လျှို့ဝှက်ထားဆဲဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာရာချယ်မောရစ်ဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂျူလီယာကော့က ဝတ္ထုဇာတ်ညွှန်းရေးသားပေးထားသည်။

အမေရိကန်အမျိုးသမီးဒါရိုက်တာရာချယ်မောရစ်ဆင်သည် The Fire Inside အမည်ရှိ ဇာတ်ကားကို Amazon MGM အတွက် ရိုက်ကူးခဲ့ဖူးသည်။

လက်ရှိတွင် Love of Your Life ဇာတ်ကား စတင်ရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# SkyNet အခပေး ရုပ်မြင်သံကြားလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ စိတ်ကောက်သူ ရုပ်သံဇာတ်လမ်းကို ဩဂုတ် ၂၃ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်




ရန်ကုန် ဩဂုတ် ၂၂

SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်မြင်သံကြားလိုင်းမှ စိတ်ကောက်သူ ရုပ်သံဇာတ်လမ်းကိုဩဂုတ် ၂၃ ရက်တွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဆောင်းဝတ်ရည်မေထံမှ သိရသည်။

စိတ်ကောက်သူ ရုပ်သံဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွမ်းဝေနိုင်က ရေးသားထားကာ ဒါရိုက်တာ နေသူရိန် ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းပါ။ ဆောင်းရဲ့ချစ်သူကောင်ကလေးက ဆိုင်ကယ် အက်စီးဒင့်ဖြစ်ပြီး ရုတ်တရက် သေဆုံးသွားတဲ့အခါ ချစ်သူကောင်ကလေးရဲ့ ဝိညာဉ်က ဆောင်းရဲ့အနားမှာပဲ ဝဲလည်တွယ်ကပ်နေတဲ့အခါ၊ ဘဝခြားသွားပြီဖြစ်တဲ့ ချစ်သူနှစ်ယောက်ရဲ့ ဇာတ်လမ်း ဘာတွေဆက်ဖြစ်မှာလဲဆိုတာကတော့ ဒီဇာတ်လမ်းလေးထုတ်လွှင့်တဲ့အခါ စောင့်ကြည့်ပေးပါ" ဟု သရုပ်ဆောင် ဆောင်းဝတ်ရည်မေက ပြောပြ၍ သိရသည်။

စိတ်ကောက်သူ ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗို၊ နေဆန်း၊ ဆောင်းဝတ်ရည်မေနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်ကြပြီး ဩဂုတ် ၂၃ ရက် ည ၉ နာရီတွင် SkyNet အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ဆောင်းဝတ်ရည်မေထံမှ သိရသည်။

ASH

# The Creed of Violence ဇာတ်ကားသစ်ကို ကမ္ဘာကျော်ဒါရိုက်တာ အက်ဝစ် ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၂၂

ကမ္ဘာကျော် ဒါရိုက်တာ အက်ဝစ်သည် The Creed of Violence အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်ကို တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဩဂုတ် ၂၁ ရက် သတင်းများ အရသိရသည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ ဘော်စတွန်တီရန်၏ The Creed of Violence အမည်ရှိ အနောက်ဘက်ဒေသ မြင်းစီးသေနတ်သမားလောကနောက်ခံ ဝတ္ထုကိုအခြေခံ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ အက်ဝစ် ကပင်ရေးသားမည်ဖြစ်သည်။


ဒါရိုက်တာ အက်ဝစ်သည် The Last Samurai နှင့် Blood Diamond ကဲ့သို့ ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

ထို့ပြင် ဒါရိုက်တာ အက်ဝစ်သည် Shakespeare In Love ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာ အော်စကာဆု ရရှိထားသူဖြစ်ပြီး ၎င်းရိုက်ကူးပေးခဲ့သော Glory ဇာတ်ကားဖြင့် မင်းသား ဒန်ဇယ် ဝါရှင်တန်မှာ အကောင်းဆုံး အမျိုးသား သရုပ်ဆောင် အော်စကာဆု ရရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**






# ငဖဲမြို့နယ် ပေါက်ရင်းကုန်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေး

ငဖဲ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်ချည်တိုင်ကျေးရွာအုပ်စု ပေါက်ရင်းကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ပေါက်ရင်းကုန်း ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၂၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေါက်ရင်းကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ရန်ပုံငွေကျပ်၁၈၂ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကိုရန်ပုံငွေကျပ် ၂၇ သိန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ရန်ပုံငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၂၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။

**ဇင်မာ**

# Ayadaw Township finishes cultivation of more than 3,000 acres of rainfed paddy


A thriving paddy plantation in Ayadaw Township.

**Ayadaw August 22**

More than 3,000 acres of rainfed paddy has been planted in Ayadaw Township of Sagaing Region, according to this year's statistics of Monywa District Agriculture Department.

For the 2025–2026 monsoon crop season, Ayadaw Township has planned to cultivate 21,600 acres of rainfed paddy. Planting began in June this year, and as of now, a total of 3,448 acres have been planted.

"This monsoon season, we planned to grow over 21,000 acres of rainfed paddy in Ayadaw Township. So far, more than 3,000 acres have been planted, and work is ongoing to meet the full target acreage. We will provide farmers with the necessary techniques and seed varieties for timely planting. Field activities are being carried out to help farmers plant rainfed paddy on schedule," said Daw San San Myint, Head of the Monywa District Department of Agriculture.

It is reported that the relevant township agriculture office and local farmers are cooperating to ensure smooth and systematic cultivation of rainfed paddy without difficulties this season.

In Ayadaw Township, farmers are receiving agricultural guidance on cultivation methods, pest prevention, avoiding crop losses, and timely post-harvest storage of paddy under shelter.

To ensure successful crop growth and good yields, township agriculture officials and staff are conducting field visits to provide farmers with technical assistance in selecting quality pure seeds, preventing pest infestations, thinning and weeding, removing off-type plants, and applying fertilizers properly.

206

# Farmers grow more than 20,000 acres of sesame in Budalin Township

**Budalin August 22**

A total of 20,995 acres of croplands have been placed under sesame as monsoon crops in Budalin Township of Sagaing Region, according to the township Agriculture Department.

For the 2025–2026 monsoon crop season, Budalin Township authorities earmarked cultivation of 53,110 acres of monsoon sesame. Planting began in May this year, and as of today, 20,995 acres have already been planted against the target cultivation.

"This monsoon season, we planned to grow over 53,000 acres of sesame in Budalin Township. So far, more than 20,000 acres have been planted, and planting is ongoing. We are working to meet the full target acreage. Efforts are also being made to expand sesame cultivation, improve yields, and promote cultivation using GAP (Good Agricultural Practices) methods," said U Phyo Wai, Head of the Budalin Township Department of Agriculture.

According to the township agriculture office, farmers are receiving technical guidance on expanding sesame cultivation, applying correct farming methods, adopting GAP standards, using quality pure seeds, and choosing high-yield varieties.

Crops grown under GAP standards are said to have better quality than those produced using other methods, fetch higher market prices, and have the advantage of being sold not only domestically but also for export. As a result, farmers practicing GAP are expected to see greater profitability and improvements in their socio-economic conditions.

206

# Kalay District expands sown acreage of pigeon pea this monsoon

**Kalay August 22**

According to Kalay District Agriculture Department, farmers completed cultivation of pigeon pea on the expanded sown acreage in Kalay District of Sagaing Region this year.

For the 2025–2026 monsoon crop season, Kalay District planned to cultivate 3,400 acres of pigeon pea. Planting began in May this year, and as of today, 3,404 acres have already been planted.

"This monsoon crop season, we planned to grow 3,400 acres of pigeon pea in Kalay District. As of today, we have already planted 3,404 acres, which is above the target acreage. We are also working to ensure good yields. Farmers cultivate pigeon pea both as a sole crop and as an intercrop," said U Aung, Head of the Kalay District Department of Agriculture.

This year's planted areas by township are as follows: 1,097 acres in Kalay Township, 35 acres in Kalewa Township, and 2,272 acres in Mingin Township—making a total of 3,404 acres.

For the 2025-2026 monsoon crop season, the planned allocation was 1,097 acres for Kalay Township, 35 acres for Kalewa Township, and 2,268 acres for Mingin Township, totaling 3,400 acres.

According to the respective township agriculture offices in Kalay District, farmers growing pigeon pea are being provided with field-level technical guidance on using quality pure seeds, following proper cultivation methods, protecting crops from pests, and achieving good yields.

They are also introducing technologies that combine the use of urea and gypsum to help farmers reduce costs on foliar fertilizers. This combined application has been found to lower cultivation expenses, protect plants from pests, and promote healthy plant growth.

206

# 18 killed in 2 separate Colombia attacks

**Bogota August 22**

At least 18 people were killed and dozens injured in two separate attacks in Colombia on Thursday, said the local authorities.

At least six were killed and over 30 others injured in a bomb attack near the Marco Fidel Suarez Air Base in the city of Cali, said the mayor's office.

The bomb attack occurred around 2:50 p.m. local time (1950 GMT), said the Colombian Aerospace Force, reiterating its commitment to the safety of Colombians.

Meanwhile, more than 12 police officers were killed in the northern town of Amalfi when the anti-narcotics helicopter they were on was shot down by the criminal group Estado Mayor Central.

Colombian President Gustavo Petro confirmed this, saying the helicopter was carrying personnel for "the eradication of coca leaf crops," following their seizure of a cocaine shipment.

Xinhua

# UN envoy warns of worsening political climate amid insecurity in Syria

**United Nations August 22**

UN Special Envoy for Syria Geir Pedersen on Thursday warned of "a worsening political climate" amid a precarious security situation in Syria.

The July 19 ceasefire in Syria's Sweida has come under strain, but so far has prevented a slide back into open conflict. However, dangerous hostilities and skirmishes on the margins of Sweida remain, and violence could resume at any moment, he told the UN Security Council in a monthly briefing.

"And I am concerned that a month of relative military calm belies a worsening political climate, with escalatory and zero-sum rhetoric hardening among many," he said. "Part of this has been fueled by the emergence of further distressing footage of graphic abuses that took place inside Sweida during the escalation."

Pedersen emphasized the importance of accountability, regardless of perpetrators' affiliation.

The interim Syrian authorities have announced the formation of a fact-finding committee, tasked with investigating the abuses committed in Sweida. It is essential that the committee's findings are made fully public and that all perpetrators -- regardless of affiliation -- are held responsible, he said.

If future violence and violations are to be avoided, a serious program on security sector reform and on disarmament, demobilization and reintegration is clearly needed, he added.

An inclusive, Syrian-led and Syrian-owned political process is essential -- one that safeguards the rights of all, protects all, meets the legitimate aspirations of all, and enables the Syrian people to determine their own future peacefully, independently and democratically, said Pedersen.

Xinhua


UN Special Envoy for Syria Geir Pedersen (L, on screens) speaks via a video link at a Security Council meeting at the UN headquarters in New York, on Aug. 21, 2025.

# Merchants send 70,000 bags of Pawsan rice to Yangon market in July


A warehouse with bags of rice.

**Nyaungdon August 22**

Traders from Nyaungdon Township of Ayeyawady Region supplied 70,000 bags of Pawsan rice containing 24 Pyis to Yangon market in July, said Daw Kyu Kyu, the owner of rice and paddy trading commodity in Nyaungdon Township.

In June this year, rice traders from Nyaungdon Township were able to export and sell only up to 50,000 sacks (24 baskets per sack) of Pawsan rice to the Yangon market. In July 2025, they managed to export and sell up to 70,000 sacks within just one month.

"Rice and paddy traders from Nyaungdon Township buy locally grown paddy, mill it, and export the rice to the Yangon market. Over the past month, we exported and sold up to 70,000 sacks of 24-basket Pawsan rice from Nyaungdon to the Yangon rice market. At present, we are buying locally harvested summer paddy, milling it, and sending it to the Yangon market. Even this month, buyers in the Yangon market are still purchasing rice from Nyaungdon Township," said Daw Kyu Kyu.

Pawsan rice (24 baskets per sack) from Nyaungdon Township is currently priced at up to K135,000 per sack in the Yangon market. Continuous exports of this rice have brought smooth business operations for traders, farmers, truck rental operators, and freight workers.

Kyaw Kyaw Lin

# Mawlamyinegyun Township ships featherback fish to Yangon market in July

**Mawlamyinegyun August 22**

Local fishery entrepreneurs from Mawlamyinegyun Township of Ayeyawady Region sold a large volume of featherback fish to Yangon market in July, said Daw Htay Htay Aye, the owner of fishery trading commodity in Mawlamyinegyun Township.

Seafood traders from Mawlamyinegyun Township are exporting featherback fish to the Yangon market after proper inspection. In June this year, they were able to export and sell only up to 45,000 viss of featherback fish, but from July 1 to 31 this year, they managed to export and sell up to 70,000 viss.

"Since around the first week of July, the export and sale of featherback fish to the Yangon market has been strong. Over the past month, we have exported and sold up to 70,000 viss of featherback fish. These are good-quality fish. Demand for featherback fish in the Yangon market has been high since March. As we have been able to export more fish in bulk like this, people involved in the fishing industry are all seeing better business," said Daw Htay Htay Aye.


Featherback fish.

Featherback fish from Mawlamyinegyun sold in the Yangon market are priced between K17,500 and K21,000 per viss. The increase in seafood exports from this area to the Yangon market is said to have benefited dried fish business owners, fishermen, and dried fish workers.

Kyaw Kyaw Lin

# Bamauk Township completes cultivation of vegetables on more than 2,300 acres of croplands

**Bamauk August 22**

Local farmers have planted more than 2,300 acres of vegetables as monsoon crops in Bamauk Township of Sagaing Region this year, according to the statistics of Katha District Agriculture Department.

In the 2025-2026 monsoon crop season, Bamauk Township planned to cultivate 2,786 acres of vegetables. Planting began in May this year, and as of today, a total of 2,317 acres of crops have been completed against the target cultivation.

"This year, the target for Bamauk Township's monsoon crop season is over 2,700 acres of vegetables. So far, more than 2,300 acres have been planted. We are working to meet the planned acreage. The crops include mustard, chili, coriander, potato, cabbage, eggplant, and cauliflower. Farmers are being provided with technical guidance to grow all these vegetables using the GAP (Good Agricultural Practices) system. We are also advising them to cultivate with minimal chemical residues to ensure the crops are healthy and safe for consumption," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

It is reported that this year, the Bamauk Township Department of Agriculture has been conducting training sessions on GAP methods for vegetable farmers, providing techniques to ensure harvested produce meets health standards, and encouraging farmers to expand vegetable cultivation.

Bamauk Township grows various vegetables seasonally every year. The vegetable crops have been thriving successfully, providing household income. The Township Department of Agriculture continues to give farmers guidance on proper cultivation methods, pest prevention, use of natural fertilizers, and preparation and use of natural pesticides and repellents.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 4,000 acres of sugarcane planted in Shwebo District

**Shwebo August 22**

This year's statistics of Shwebo District Agriculture Department stated that local farmers have planted more than 4,000 acres of sugarcane as monsoon crops in Shwebo District of Sagaing Region.

For the 2025-2026 monsoon crop season, Shwebo District has planned to cultivate 6,509 acres of sugarcane. Planting began in May this year, and as of today, 4,472 acres have already been planted—4,111 acres in KhinU Township and 361 acres in Wetlet Township.

"This monsoon season, we have planned to grow over 6,000 acres of sugarcane in Shwebo District. So far, more than 4,000 acres have been planted. We are working to meet the full target acreage. Local farmers are cultivating sugarcane as usual," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

The planned sugarcane acreage for the 2025–2026 monsoon season in Shwebo District is allocated as follows: 75 acres in Shwebo Township, 4,551 acres in KhinU Township, 361 acres in Wetlet Township, and 1,522 acres in Kyaukmyoung Sub-Township—making a total of 6,509 acres.

Sugarcane cultivation in Sagaing Region takes place in Shwebo, Kanbalu, and Katha districts, with Kanbalu and Katha districts having the largest cultivation areas.

Farmers need to cost K600,000 or K700,000 per acre of growing sugarcane in Shwebo District, yielding 30 tons of sugarcane. Local farmers prefer to grow K-95/84, Nawade-4, Phawmoza and Shinshweli strains of sugarcane. They grow the crops in irrigated areas as well as rainfed areas.

206


A sugarcane plantation in Shwebo District.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဒရုန်းနှင့် ကာကွယ်ရေးပူးပေါင်းမှုများအတွက် တူကီယဲနိုင်ငံသို့ ဂျပန်ကာကွယ်ရေးဝန်ကြီး သွားရောက်ခဲ့



ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီး ဂန်နာကာတာနီသည် ဒရုန်းများနှင့် ပိုမိုကျယ်ပြန့်သည့် ကာကွယ်ရေးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အဓိကထား၍ တရားဝင်ခရီးစဉ်အဖြစ် ဩဂုတ် ၁၇ ရက်က တူကီယဲနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နာကာတာနီသည် NATO အဖွဲ့ဝင်နိုင်ငံဖြစ်သော တူကီယဲနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လာရောက်ခဲ့သည့် ပထမဆုံးသော ဂျပန်ကာကွယ်ရေးဝန်ကြီးဖြစ်သည်။ ၎င်း၏ အစီအစဉ်တွင် ဒရုန်းထုတ်လုပ်သည့် Baykar ကုမ္ပဏီကဲ့သို့သော တူကီယဲနိုင်ငံ ထိပ်တန်းကာကွယ်ရေးကုမ္ပဏီများနှင့် တွေ့ဆုံခြင်းတို့လည်းပါဝင်နေသည်။ အန်ကာရာမြို့တွင် နာကာတာနီသည် တူကီယဲကာကွယ်ရေးဝန်ကြီး ယာဆာဂူလာနှင့်တွေ့ဆုံခဲ့ပြီး ယာဆာဂူလာက ဂျပန်နှင့် စစ်ရေး၊ စက်မှုလုပ်ငန်းဆိုင်ရာဆက်ဆံရေးများကို နက်ရှိုင်းအောင်လုပ်ဆောင်ရန် စိတ်ဝင်စားကြောင်း အလေးပေးပြောကြားခဲ့သည်။

တူကီယဲနိုင်ငံ ကာကွယ်ရေးအရာရှိတစ်ဦးက ဒရုန်းစနစ်များကို စစ်ဆေးမှုများပြုလုပ်ရန် စီစဉ်ထားသော်လည်း ယခုခရီးစဉ်တွင် သဘောတူညီချက်များရရှိနိုင်လိမ့်မည်ဟု မမျှော်မှန်းထားနိုင်သေးကြောင်း ပြောကြားခဲ့သည်။ နာကာတာနီသည် အစ္စတန်ဘူလ်မြို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ပြီး တူကီယဲနိုင်ငံလေကြောင်း၊ အာကာသလုပ်ငန်းနှင့် ရေတပ်သင်္ဘောကျင်းများ အပါအဝင် စက်ရုံ၊ အလုပ်ရုံများကိုလည်းပတ်ရန်လည်း စီစဉ်ထားသည်။

ဂျပန်နိုင်ငံသည် မောင်းသူမဲ့လေယာဉ်၊ ဒရုန်းများကို ပိုမိုအသုံးချရန် တိုးချဲ့လုပ်ဆောင်လာသည်နှင့်အမျှ တူကီယဲနိုင်ငံကလည်း လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးနေသော ဒရုန်းစက်မှုလုပ်ငန်းများဖြင့် နိုင်ငံအများအပြားသို့ တင်ပို့ရောင်းချနိုင်ခဲ့မှုမှတ်တမ်းများနှင့်အတူ အလားအလာရှိသော မိတ်ဖက်နိုင်ငံဖြစ်သည်။ ပြည်ပတင်ပို့ရောင်းချနိုင်မှုများအပြင် တူကီယဲနိုင်ငံသည် ပြည်တွင်းဆန်းသစ်တီထွင်မှုများကို စဉ်ဆက်မပြတ်တိုးတက်လုပ်ဆောင်လျက်ရှိသည်။ ကာကွယ်ရေးကုမ္ပဏီ Baykar သည် မျိုးဆက်သစ် Kizilelma မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပထမဦးဆုံးအကြိမ် အောင်မြင်စွာပျံသန်းနိုင်ခဲ့ပြီးနောက် Mass Production စတင်ထုတ်လုပ်နေပြီဖြစ်သည်။ အဆိုပါ မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် UCAV သည် လာမည့် ၂၀၂၆ ခုနှစ်တွင် တူကီယဲတပ်မတော်၌ စတင်အသုံးပြုနိုင်ရန်စီစဉ်ထားပြီး ဆဋ္ဌမမြောက် ရှေ့ပြေးနမူနာပုံစံကိုလည်း စတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

တူကီယဲနိုင်ငံသည် မဟာမိတ်နိုင်ငံများနှင့် စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသလို စစ်ရေးအကူအညီပေးမှုများတွင်လည်း ပါဝင်ဆောင်ရွက်နေသည်။ ယခုနှစ်အစောပိုင်းတွင် ဘယ်လ်ဂျီယမ်နှင့် တူကီယဲနိုင်ငံတို့သည် International Drone Coalition နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တစ်ခုတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။ အဆိုပါအစီအစဉ်သည် ဒရုန်းပံ့ပိုးမှုများကို တိုးချဲ့၍ ယူကရိန်း၏ ကာကွယ်ရေးကို ပိုမိုအားကောင်းစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

**Japan’s Defense Chief Visits Turkey on Drone, Defense Cooperation** ကို ဘာသာပြန်ဆိုထားပါသည်။

## ၂၀၂၆ ခုနှစ်အတွင်း ပူးပေါင်းစစ်ရေးလုပ်ဆောင်ချက် ၅၀၀ ကျော်ကို အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ အတည်ပြုနိုင်ခဲ့

အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အင်ဒို-ပစိဖိတ်ဒေသတွင် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အဆင့်မြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ်အတွင်း ပူးပေါင်းစစ်ရေးလုပ်ဆောင်ချက် ၅၀၀ ကျော်ကို အတည်ပြုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်ကို ဟာဝိုင်အီပြည်နယ် Camp Smith တွင် နှစ်စဉ်ကျင်းပနေကြ Mutual Defense Board-Security Engagement Board အစည်းအဝေးတွင် အပြီးသတ်အတည်ပြုပေးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါအစည်းအဝေးကို ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ် Romeo Brawner နှင့် အင်ဒို-ပစိဖိတ်ဒေသကွပ်ကဲမှုဌာနချုပ်(INDOPACOM) အကြီးအကဲဖြစ်သူ ဗိုလ်ချုပ်ကြီး Samuel Paparo တို့က ပူးတွဲဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးပွဲအတွင်း နှစ်ဦးစလုံးက ဖိလစ်ပိုင်နှင့် အမေရိကန်ကာကွယ်ရေးတပ်ဖွဲ့များကြား အကြီးမားဆုံးနှင့် အရှည်ကြာဆုံး နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်သောBalikatan 2026 အပါအဝင် ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းညွှန်ချက်များနှင့် အချိန်ဇယားများဖော်ပြထားသော နှစ်စဉ်ပြုလုပ်နေကြ 8-Star memo စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အတည်ပြုထားပြီးဖြစ်သော စစ်ရေးလှုပ်ရှားမှုများတွင် စစ်ရေးလေ့ကျင့်မှုကြီးများနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များဆွေးနွေးပွဲပါဝင်ပြီး ဤအရာအားလုံးသည် စစ်ဘက်နှစ်ခုကြား ရေရှည်အပြန်အလှန်ဆက်ဆံရေးမြှင့်တင်နိုင်ရန်နှင့် တိုက်ပွဲဝင်အသင့်ပြင်ဆင်မှုကို တိုးမြှင့်ရန်အတွက် ရည်ရွယ်သည်။

INDOPACOM ကွပ်ကဲမှုဌာနချုပ်အနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတည်ငြိမ်အောင်ထိန်းသိမ်းရေး၊ လုံခြုံရေးမြှင့်တင်ရေး၊ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးရေး၊ အကျပ်အတည်းများကို တုံ့ပြန်နိုင်ရေး၊ ခြိမ်းခြောက်မှုများကို တားဆီးရေးနှင့် ပဋိပက္ခများတွင် ပြတ်ပြတ်သားသားဆောင်ရွက်သွားနိုင်ရေးတို့အတွက် မိတ်ဖက်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

လက်နက်ကိုင်တိုက်ခိုက်မှုတစ်ခုဖြစ်လာခဲ့လျှင် အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ အချင်းချင်းကာကွယ်ပေးနိုင်ရန် ကတိပြုထားသော ၁၉၅၁ ခုနှစ် Mutual Defense Treaty အရ ၁၉၅၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော Mutual Defense Board နှင့် ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့သော Security Engagement Board အဖွဲ့တို့သည် လာမည့်စစ်ရေးလှုပ်ရှားမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် အငြင်းပွားဖွယ်ရာအနောက်ဖိလစ်ပိုင်ပင်လယ်တွင် လုံခြုံရေးလုပ်ငန်းများ ဆက်လက်အရှိန်မြှင့်ဆောင်ရွက်နေချိန်မှာပင် ယခုလိုကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသတွင် မကြာသေးမီက သင်္ဘောချင်းထိပ်တိုက်တွေ့ဆုံမှုနှင့် နယ်မြေကျူးကျော်မှုများ အပါအဝင် ဖိလစ်ပိုင်-တရုတ် နှစ်နိုင်ငံ တင်းမာမှုများ မြင့်တက်လာခဲ့ကြသည်။ မကြာသေးမီက အမေရိကန်-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် ဖိလစ်ပိုင်တပ်မတော်၏ စွမ်းဆောင်ရည်များအဆင့်မြှင့်တင်နိုင်ရန်အတွက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ် စမ်းသပ်ပစ်ခတ်မှုများနှင့် တိုက်လေယာဉ်များအပါအဝင် စစ်လက်နက်ရောင်းချမှုများပါဝင်နေသည်။ ထို့ပြင် ဒေသတွင်းမဟာမိတ်နိုင်ငံများကလည်း အကူအညီများတိုးမြှင့်ပေးနေသည်ကို မြင်တွေ့ခဲ့ကြရသည်။ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ဂျပန်နိုင်ငံသည် နိုင်ငံရေတပ်မှ တပ်တော်ဝင်ရပ်ဆိုင်းထားသော ဖျက်သင်္ဘောခြောက်စီးကို ဖိလစ်ပိုင်ရေတပ်ထံ ပေးအပ်သွားရန် ကတိပြုခဲ့ကြောင်း သိရသည်။ ထို့ပြင် ဩစတြေးလျနိုင်ငံကလည်း ဖိလစ်ပိုင်နှင့်အတူ ၂၀၂၅ ခုနှစ်အတွက် ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများနှင့် စစ်ဘက်နည်းပညာဖလှယ်မှုများကို ယမန်နှစ်ကထက် နှစ်ဆအကြိမ် ၂၀ ကျော်ထိ တိုးမြှင့်ဆောင်ရွက်လာခဲ့ကြောင်း သိရသည်။

**US, Philippines Approve More Than 500 Joint Military Activities for 2026** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၁၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၁၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၂၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၁၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မြေပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လဲ ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင်မျိုး တစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် ပေါ်ဆန်းမွှေးဆန်များအရောင်းအဝယ် ကောင်းမွန်နေ



**ဟသ်ာတ ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ပေါ်ဆန်းမွှေးဆန်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မေက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ယခုနှစ် ဩဂုတ်လဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက်ပေါ်ဆန်း မွှေးဆန်များ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါပေါ်ဆန်းမွှေးဆန်များတစ်ရက်လျှင် အိတ်ရေ ၇၀၀ နှင့်အထက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''ပေါ်ဆန်းမွှေးဆန်အမျိုးအစားက အခြားဆန်တွေထက်တော်တော်လေးအရောင်းအဝယ်ဖြစ်လာပါတယ်။ ပြည်တွင်း၊ ပြည်ပစားသုံးအားကောင်းလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ပေါ်ဆန်းမွှေးဆန်တွေက နွေကာလကျန်တဲ့ ဆန်အဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ဆန်၊ စပါး လုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက်ဆန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဘက်ကပါ ဝယ်ယူအားကောင်းလာတာပါ''ဟု ဟသ်ာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်မြတ်မေက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ပေါ်ဆန်းမွှေးဆန်များကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဆန် ၂၄ ပြည်ဝင် ၁ အိတ်လျှင်ငွေကျပ် ၁၄၂၀၀၀ အထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

အဆိုပါ ပေါ်ဆန်းမွှေးဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက်ကြောင့် ကုန်သည်များ၊ စပါးစိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်ကိုင် အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ရှစ်ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးထားကြောင်း မိုင်းယန်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**






# ပျော်ဘွယ်မြို့နယ် ကန်ကြီး(မြောက်)ကျေးရွာ၌ RBF စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**ပျော်ဘွယ် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကန်ကြီး(မြောက်)ကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၁ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့် အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ကန်ကြီး(မြောက်)ကျေးရွာကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အစုအဖွဲ့များစုဖွဲ့ကာ တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**




# ၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။




၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Navy Chiefs' Meeting – 19th ANCM) ကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၂၂

မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Navy Chiefs' Meeting – 19th ANCM) သို့ တက်ရောက်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၂၁ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ရေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေး တက်ရောက်ခြင်း၊ အာဆီယံရေတပ်ဦးစီးချုပ်များအား သီးခြားစီတွေ့ဆုံခြင်းနှင့် အာဆီယံရေတပ် စစ်ရေယာဉ်များပြပွဲသို့ တက်ရောက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံရေတပ်များမှ ရေတပ်ဦးစီးချုပ်များ၊ လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Navy Chiefs' Meeting – 19th ANCM) ကို ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်ထိ မလေးရှားနိုင်ငံ ပီနန်မြို့၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း တက်ရောက်သည်။ ဦးစွာ မလေးရှားကာကွယ်ရေးဝန်ကြီး Mohamed Khaled Nordin က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ယခင်နှစ် ၁၈ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးမှတ်တမ်းအား အတည်ပြုသည်။ ဆက်လက်၍ ANCM အမြဲတမ်းပူးတွဲအတွင်းဝန်က ဒေသတွင်း ပင်လယ်ရေကြောင်းလုံခြုံရေး အခြေအနေများအား အကျဉ်းချုပ်တင်ပြဆွေးနွေးကြသည်။ ထို့နောက်အစည်းအဝေးတက်ရောက်လာကြသော အာဆီယံရေတပ်ဦးစီးချုပ်များက **အာဆီယံပင်လယ်ရေကြောင်းလုံခြုံရေးကို ပိုမိုခိုင်မာစေရန် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို ပေါင်းစပ်၍ အာဆီယံရေတပ်များ၏ စည်းလုံးညီညွတ်မှုကို တိုးမြှင့်ဆောင်ရွက်ကြပါစို့ (Advancing the ASEAN Navies' Unity–Synergising Innovation and Techno–logy in Strengthening ASEAN Maritime Security)** ခေါင်းစဉ်အား နိုင်ငံအလိုက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက **ညီညွတ်မှုနှင့် ယုံကြည်မှု၏ တည်တံ့ခိုင်မြဲသော အရေးပါမှု၊ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာကို လက်တွေ့ကျကျ အသုံးချမှု၊ ပင်လယ်ရေကြောင်းလုံခြုံရေး တိုးမြှင့်ရန် လက်တွေ့ကျသောလုပ်ဆောင်မှုများကို** ဆွေးနွေးခဲ့သည်။

ယင်းနောက် သတင်းအချက်အလက် မျှဝေခြင်း၊ ဆွေးနွေးဖလှယ်ခြင်းအစီအစဉ်များနှင့် အနာဂတ်တွင်ဆောင်ရွက်မည့် ANCM အစီအစဉ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် သဘာပတိ မလေးရှားရေတပ်ဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။




ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ၁၉ ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (19th ASEAN Navy Chiefs' Meeting – 19th ANCM) သို့ တက်ရောက်ကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

အစည်းအဝေးအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် မလေးရှားရေတပ်ဦးစီးချုပ်၊ ဗီယက်နမ်ရေတပ်ဦးစီးချုပ်၊ ထိုင်းရေတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားရေတပ်ဦးစီးချုပ်နှင့် လာအိုကြည်းတပ် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲတို့ကို သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံရေတပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံ ပီနန်မြို့သို့ရောက်ရှိနေစဉ်အတွင်း အာဆီယံရေတပ်ဦးစီးချုပ်များနှင့် အဖွဲ့သည် ဩဂုတ် ၂၀ ရက်တွင် ပီနန်တောင်၌ သဘာဝရှုခင်းလေ့လာရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံအလိုက် အမှတ်တရသစ်ပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ညပိုင်းတွင် မလေးရှားရေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲကို တက်ရောက်ခဲ့သည်။ ထို့ပြင် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည့် အာဆီယံရေတပ် စစ်ရေယာဉ်များပြပွဲကို ပီနန်ပြည်နယ် ဘုရင်ခံ၊ အာဆီယံရေတပ်ဦးစီးချုပ်များ၊ မလေးရှားတပ်မတော်မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

အလားတူ သုံးကြိမ်မြောက် အာဆီယံရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း (3rd ASEAN Multilateral Naval Exercise) နှင့် အာဆီယံရေတပ်စစ်ရေယာဉ်များ ပြပွဲသို့ တက်ရောက်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ဆင်ဖြူရှင်)နှင့် အာဆီယံရေတပ်များမှ စစ်ရေယာဉ်များသည် ဩဂုတ် ၁၅ ရက်တွင် မလေးရှားနိုင်ငံ ပီနန်မြို့သို့ အသီးသီးရောက်ရှိလာကြသည်။ အဆိုပါလေ့ကျင့်ခန်းအတွင်း စစ်ရေယာဉ်(ဆင်ဖြူရှင်)သည် လေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ ညအချိန် ၂၁ ကီလိုမီတာ တာဝေးအပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း၊ အာဆီယံရေတပ်များ စစ်ရေးပြအခမ်းအနား၌ ပါဝင်ဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများမှ စစ်ရေယာဉ်များသို့ သွားရောက်လေ့လာခြင်း၊ ပီနန်ကမ်းခြေ၌ ကျင်းပသော ရိုးရာယဉ်ကျေးမှုကပွဲအခမ်းအနားတွင် ပါဝင်ကပြဖျော်ဖြေခြင်း၊ မလေးရှားရေတပ်ပြပွဲ၊ နေဝင်ဆည်းဆာပြပွဲ၊ မလေးရှားရိုးရာနှင့် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုကပြဖျော်ဖြေပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပြီး အာဆီယံနိုင်ငံများမှ စစ်ရေယာဉ်များနှင့်ပူးပေါင်း၍ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ သုံးကြိမ်မြောက် အာဆီယံရေတပ်များ ပူးပေါင်းလေ့ကျင့်ခန်း(3rd AM–NEX)ကို ဩဂုတ် ၁၅ ရက်မှ ၂၂ ရက်ထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ဆင်ဖြူရှင်)အပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ စစ်ရေယာဉ် ၁၀ စီး ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ဆင်ဖြူရှင်) မလေးရှားနိုင်ငံ ပီနန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိစဉ်။

# ရန်ကုန်မြို့၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၂**

ပြောင်းလဲနေသော ကမ္ဘာကြီးတွင် မျိုးဆက်သစ်လူငယ်များ တက်ကြွစွာပါဝင်နိုင်ရေး ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ (Future Front Myanmar:Youth Strategy Forum –2025) ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)တွင် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်ထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။




ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)တို့ ပူးပေါင်းကျင်းပမည့် အဆိုပါ လူငယ်မဟာဗျူဟာဖိုရမ်ကို နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေးနှင့် အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများရရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှု အရည်အချင်းများမြှင့်တင်ရန်၊ အပြန်အလှန်ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနီးနှောမှုနှင့် ပြည်သူ့နီတိ ထိတွေ့ဆက်ဆံမှုများတိုးမြှင့်ရန်၊ လူငယ်များ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းကြောင်းများကို ရှုမြင်အဆိုပြုနိုင်စွမ်းမြှင့်တင်ရန်နှင့် အနာဂတ်တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် ဖိုရမ်ဆင်းလူငယ်ကွန်ရက်ကိုဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် အိန္ဒိယနိုင်ငံမှ မဟာဗျူဟာရေးရာလေ့လာသုံးသပ်သူ Mr. Atul Aneja က ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီ နိုင်ငံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာ၊ ပထဝီနိုင်ငံရေးနှင့် ဗဟုဝင်ရိုးကမ္ဘာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ SUPDI၊ Distance Private University မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini က ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာ၊ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် ဖိုရမ်သို့တက်ရောက်ကြမည့် လူငယ်များ၏ အနာဂတ်မြန်မာနိုင်ငံအတွက် ရှုမျှော်မှု (Icebreaker Activity)ပုံစံ၊ ကမ္ဘာ့ကဖေးဆွေးနွေးပွဲ (World Cafe)ပုံစံ၊ လန်းဆန်းနိုးထဉာဏ်စမ်း (Energizer Quiz) ပုံစံ၊ အဖွဲ့အလိုက်ဆွေးနွေးပွဲ(Team Work–shop) ပုံစံများဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်များ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ဖိုရမ်နောက်ဆုံးရက်တွင် လူငယ်များ၏ ဆွေးနွေးပွဲရလဒ်များကို ကြေညာချက်စာတမ်းတစ်ရပ် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၃၁ ကြိမ်မြောက် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၂**

၃၁ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ စာကြည့်တိုက်စာအုပ်ဆုနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ ကျင်းပသည်။




ဆုချီးမြှင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီဝင်များ၊ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီဝင်များ၊ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဝင်များ၊ စာပေဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများ၊ ပညာရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာ၌ ယနေ့ဆုချီးမြှင့်ပွဲတွင် တစ်သက်တာစာပေဆုအပါအဝင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆုနှင့် သုတေသနစာပေဆု စုစုပေါင်း ၁၃ ဆုကို ချီးမြှင့်နိုင်ခဲ့သည့်အတွက် ဆုရရှိသူ စာရေးဆရာကြီး၊ ဆရာမကြီးများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဘာသာရပ်တိုင်းတွင် ဆုရရှိသည့် စာမူလက်ရာများသည် နိုင်ငံနှင့် ပြည်သူအတွက် သုတရသ နှစ်ဖြာ ဖြည့်ဆည်းပေးမည့် ဘဝလမ်းညွှန်စာမူကောင်းများ ဖြစ်ပါကြောင်း။

စာပေပညာရှင်များအနေဖြင့် အသက်ရာကျော်ရှည်လျက် ကျန်းမာစွာနှင့် စာပေများ ဆက်လက်ရေးသားနိုင်ပါစေ၊ မိမိတို့၏ ကလောင်အစွမ်းဖြင့် နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေ၊ မြန်မာစာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုနေကြသည့် ပခုက္ကူစာပေဆုအပါအဝင် အခြား ပုဂ္ဂလိကစာပေဆုများ အစွန့်ရှည်တည်တံ့ပြီး မြန်မာစာပေအကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာပေဆုရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပခုက္ကူစာပေတစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာခင်သန်းဦး (မမိုးမြေ)ကို ဆုချီးမြှင့်ပြီး ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေး ကော်မတီသို့ အလှူငွေကျပ် ၇၅ သိန်းကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်(ငြိမ်း)က အလှူငွေကျပ် ၇၅ သိန်းနှင့် မြန်မာ-အိန္ဒိယချစ်ကြည်ရေးအသင်းက လှူဒါန်းငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပခုက္ကူစာပေဆု ဝတ္ထုရှည်ဒုတိယဆုရ “ကိုယ်ချင်းစာနိုင်ကြပါစေ” ရေးသားသူ မောင်နေခြည်(ပြည်)နှင့် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရ “မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ” ရေးသားသူ ညိမ်းညိုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ “အရုဏ်ဦးမှာကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ” ရေးသားသူ သက်ဦးခင်နှင့် ပခုက္ကူစာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ “ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ” ရေးသားသူ မေလတ်ဟန်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က ပခုက္ကူစာပေဆု ကျမ်းစာပေ ဒုတိယဆုရ “ခေတ်ဟောင်းမြန်မာ့တေးဂီတအနုပညာဖြင့် တိုင်းပြည်ကို အလှဆင်ခဲ့ကြသူများ” ရေးသားသူ ခင်ဇ(စက်မှု)ကိုယ်စား မိသားစုဝင်တစ်ဦးနှင့် ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆုရ “ပလ္လင်ရစ်ခန်းရွှေနန်းကိုးဆောင်”ရေးသားသူ ဦးဝင်းမြင့်မောင်(လင်းအရုဏ်ဦး)ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပခုက္ကူစာပေဆု ရရှိသူများ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ် ဆုရသူများနှင့် ပညာသင်ဆုရရှိသူများကို မြန်မာနိုင်ငံ စာရေးဆရာအသင်းနာယက အမျိုးသားစာပေ တစ်သက်တာဆုရှင် ဒေါ်ချိုချိုတင်(မစန္ဒာ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ပခုက္ကူစာပေ ရန်ပုံငွေဆု ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဦးလှခိုင်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။


ထို့နောက် စာပေအလှူရှင် ပခုက္ကူဦးအုံးဖေ ကိုယ်စား ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးသိန်းခိုင်ဦးက စာပေဆုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပခုက္ကူစာပေ တစ်သက်တာဆုရ ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှေ့ဖုံးမှအဆက်

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(မိုး/ဇလ)**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၂-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၈-၈-၂၀၂၅ ရက်နေ့မှ ၂၉-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# မြိတ်မြို့နယ် ကျွဲကူးကျေးရွာရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျွဲကူးကျေးရွာရှိ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ဦးဆောင်သော အထူးကွင်းဆင်းကုသရေးအဖွဲ့က အခြေခံပညာအထက်တန်းကျောင်း(ကျွဲကူး) ပုလဲရွှေရည်ခန်းမ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာ့နွယ်ဝင် သီလရှင် ၄၁ ပါးနှင့် ဒေသခံပြည်သူ ၃၇၂ ဦးတို့ကို အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဒေသခံပြည်သူများကို မြိတ်ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သာသနာ့နွယ်ဝင် သီလရှင်များအား စားသောက်ဖွယ်ရာများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြိတ်မြို့ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ဦးဆောင်သော အထူးကွင်းဆင်းကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသမှုခံယူနေသူ တစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် သြဂုတ် ၂၂

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုဝင်များကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၄ ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးနှင့် ၁၁ ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးများ ကျင်းပ

ရန်ကုန် သြဂုတ် ၂၂

၂၄ ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေးနှင့် ၁၁ ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးတို့ကို သြဂုတ် ၂၁ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ PARK-ROYAL Hotel ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဇော်ဆန်း ဦးဆောင်သော ကိုယ်စားလှယ် ၁၃ ဦး၊ ထိုင်းနိုင်ငံအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Pol. Maj. Arit Tatsaphan ဦးဆောင်သော ကိုယ်စားလှယ် ရှစ်ဦးနှင့် ထိုင်းနိုင်ငံတော်ဝင်ရဲအဖွဲ့ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး PoL. Col. Greetha Tankanarat ဦးဆောင်သော ကိုယ်စားလှယ် ၁၁ ဦး စုစုပေါင်းကိုယ်စားလှယ် ၃၂ ဦး တက်ရောက်ကြသည်။

နှစ်နိုင်ငံအစည်းအဝေးတွင် ၂၃ ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးနှင့် ၁၁ ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းတော်ဝင်ရဲတပ်ဖွဲ့တို့အကြား လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးများနောက်ပိုင်း ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခြင်း၊ နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုအခြေအနေ၊ နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်းလဲလာသော လူကုန်ကူးမှုပုံစံများနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ လူကုန်ကူးခံရသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေးခြင်း၊ လူကုန်ကူးမှုကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ဖလှယ်ရေးနှင့် ဆက်သွယ်ရန်ပုဂ္ဂိုလ်(Contact Point)များ Update ပြုလုပ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုံရွာမြို့ လယ်တီရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက်တို့၌ နိုင်လွန်ကတ္တရာလမ်း၊ လွတ်လပ်ရေးရင်ပြင်မုခ်ဦးနှင့် ပြည်ထောင်စုရင်ပြင်မုခ်ဦး ဖွင့်ပွဲများ ကျင်းပ




စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး နှင့် တာဝန်ရှိသူများက လွတ်လပ်ရေးရင်ပြင်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက်ရှိ လယ်တီကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်းနှင့် သာယာလှပရေး လုပ်ငန်းများ ဖွင့်ပွဲ၊ အောင်ချမ်းသာ ရပ်ကွက်ရှိ လွတ်လပ်ရေးရင်ပြင်မုခ်ဦး ဖွင့်ပွဲနှင့် ပြည်ထောင်စုရင်ပြင်မုခ်ဦး ဖွင့်ပွဲများကို ယနေ့တွင် သတ်မှတ်နေရာ အသီးသီး၌ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လယ်တီ ကန်ပတ်လမ်း နိုင်လွန်ကတ္တရာလမ်းနှင့် သာယာလှပရေးလုပ်ငန်းများ၊ လွတ်လပ် ရေးရင်ပြင်မုခ်ဦးနှင့် ပြည်ထောင်စုရင်ပြင် မုခ်ဦးတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မုခ်ဦး များရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်း တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက စစ်မှုထမ်းဟောင်းအိမ်ရာသို့ သွားရောက် တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များနှင့် မိသားစုဝင်များ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ ကို ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက် ဖွယ်ရာများ အသီးသီးပေးအပ်ရာ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များကိုယ်စား တာဝန်ရှိ သူများက လက်ခံရယူကြသည်။

ထို့ပြင် တိုင်းမှူးနှင့် တာဝန်ရှိသူများ က စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နှင့် မိသားစုဝင်များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက် ဖွယ်ရာများ ပေးအပ်စဉ်။

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်

နေပြည်တော် ဩဂုတ် ၂၂

အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်း တွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက မုံရွာတပ်နယ်အသင်းနှင့် တိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူ များ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် တံခွန်စိုက်ဒိုင်းဆုရရှိ သည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)အသင်း



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး တိုင်းစစ် ဌာနချုပ်(စခန်းရုံး)အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

တို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ် ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဩဂုတ် ၁၈ ရက်မှ ယနေ့ထိ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ ၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်း ဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချို မြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေး ခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်းဦးရေ ၂၀ တို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက် ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၈ ဦးကို သွေးအမျိုးအစား စစ်ဆေးပေး ခြင်းနှင့် ဒေသခံပြည်သူ ရှစ်ဦးကို ငှက်ဖျား ရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင် ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသူ ၂၆ ဦးကို ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်း ရရှိသည်။ (၅၀၁)



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ၂၀၂၅ ခုနှစ် ဩဂုတ် ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## လာမည့်စနေ၊တနင်္ဂနွေ အားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၂

နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ် ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# နောင်ချိုမြို့နယ်တွင် ဉာဏ်တောကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်လှစ်



နောင်ချို ဩဂုတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဉာဏ်တောကျေးရွာအုပ်စု ဉာဏ်တောကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦး၊ ကျောက်မဲခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဉာဏ်တောကျေးလက်ကျန်းမာရေးဌာနခွဲကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဉာဏ်တောကျေးရွာအုပ်စုနှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာ လေးရွာ၊ အိမ်ခြေ ၅၈၂ အိမ်နှင့် ဒေသခံတိုင်းရင်းသားပြည်သူ ဦးရေ ၂၅၀၀ ကျော်ကို လွှမ်းခြုံမှုပေးလျက်ရှိကြောင်း သိရသည်။

နောင်ချိုမြို့နယ် ကံကြီးကျေးလက်ကျန်းမာရေးဌာန ဉာဏ်တောကျေးလက်ကျန်းမာရေးဌာနခွဲစံကိုက်အဆောက်အအုံအသစ်ကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းဖြင့် ခွဲဝေချထားပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် အဆောက်အအုံအသစ်စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သော်လည်း နယ်မြေဒေသအခြေအနေများကြောင့် အဆောက်အအုံအသစ်သို့ပြောင်းရွှေ့ဖွင့်လှစ်ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ယခုအခါ နောင်ချိုမြို့နယ် နယ်မြေအခြေအနေ ပြန်လည်ကောင်းမွန်အေးချမ်းလာပြီဖြစ်သည့်အတွက် ဉာဏ်တောကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အအုံသစ်ကို ယနေ့တွင်ဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**လားရှိုး(မြန်/ဆက်)**

## ပြည်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစ၍ အပိုင်းလိုက် ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ပြည်ပရောက်မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅)များ ထုတ်ယူပေးပို့နိုင်မည့်နေ့ရက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဩဂုတ် ၂၁ ရက် ရက်စွဲပါ ကြေညာချက်အမှတ် (၆၂/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဩဂုတ် ၁၅ ရက်တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅)၊ (၅၁/၂၀၂၅)၊ (၅၂/၂၀၂၅)နှင့် (၅၃/၂၀၂၅)တို့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြို့နယ် ၃၃၀ ပါဝင်သော မဲဆန္ဒနယ်များကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ကြိုတင်ဆန္ဒမဲပေးလိုသည့် ပြည်ပရောက်မဲဆန္ဒရှင်တိုင်းသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲပေးနိုင်ရေး ပုံစံ(၁၅) တောင်းဆိုရာတွင် သတ်မှတ်ကာလ ဩဂုတ် ၂၁ ရက်မှ စက်တင်ဘာ ၈ ရက်အတွင်း မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အတွက် ပုံစံ(၁၅)ဖြင့် တောင်းဆိုနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ချောင်းဦးမြို့နယ် မုံရွာ-စစ်ကိုင်းသွား ကားလမ်းမပေါ်၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသည်တင်မော်တော်ယာဉ် တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်း တစ်ဦးသေဆုံးပြီး ခရီးသွားပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂၂

အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး လမ်း၊ တံတားများဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မုံရွာမြို့မှ မန္တလေးမြို့ဘက်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် အရပ်သားပြည်သူ တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုံရွာမြို့မှ မန္တလေးမြို့ဘက်သို့ထွက်ခွာလာသော ယာဉ်မောင်း ဦးသန်းဌေးလင်းမောင်းနှင်ပြီး ယာဉ်နောက်လိုက်ဖြစ်သူ ဦးမြတ်စိုးသူနှင့် ခရီးသွားပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ခြောက်ဦး စီးနင်းလိုက်ပါသည့် ရွှေမြန်မာယာဉ်လိုင်းမှ ခရီးသည်တင်မော်တော်ယာဉ်သည် ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာနှင့် ငွေးပင်တောကျေးရွာအကြားသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသဖြင့် ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့မှုကြောင့် ယာဉ်မောင်းဖြစ်သူဦးသန်းဌေးလင်းတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိကာ မော်တော်ယာဉ်ပေါ်တွင် သေဆုံးလျက်ရှိသည်ကိုတွေ့ရှိရပြီး ခရီးသွားပြည်သူ အမျိုးသား တစ်ဦးထိခိုက်ဒဏ်ရာရရှိလျက်ရှိကြောင်း တွေ့ရှိရသဖြင့် အဆိုပါဒဏ်ရာရရှိသူကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ချောင်းဦးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက် ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားမော်တော်ယာဉ်ကို ဆင်ခြင်တုံတရားမဲ့စွာ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။






PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် လက်နက်ငယ်ကျည်ထိမှန်ခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ်မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျည်ခွံများမှတ်တမ်းဓာတ်ပုံ။



တရားခံ ထွန်းသိန်း၊ သောင်းထွန်းနှင့် အောင်လင်းတို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်းနှင့်အတူ တွေ့ရစဉ်။



တရားခံ ကျော်စွာဝင်း(ကွမ်းခြံကုန်း)၊ စိုးပိုင်ဝင်း၊ ညီညီစိုးခန့်၊ ထွန်းသိန်း၊ ကျော်စွာဝင်း(မှော်ဘီ)၊ မောင်သိန်းချေ၊ သောင်းထွန်းနှင့် အောင်လင်းတို့ကို ဖမ်းဆီးရမိကက်တမင်း ၁၈၉၉ ကီလိုနှင့်အတူ တွေ့ရစဉ်။



တရားခံ ကျော်စွာဝင်း (ကွမ်းခြံကုန်း)၊ ရာကျော်(ခ)ကိုရှိုင်း၊ အောင်ကျော်(ခ) အောင်ကျော်စိုး၊ ကျော်စိန်အောင်(ခ)ကျော်ကြီး၊ မင်းချစ်အောင်တို့ကို ဖမ်းဆီးရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို နှင့်အတူ တွေ့ရစဉ်။

**☆ ကျောဖုံးမှအဆက်**

ပူးပေါင်းပါဝင်သူများဖြစ်သည့် မောင်သိန်းချေနှင့် ကျော်စွာဝင်း(မှော်ဘီ)တို့ကို မှော်ဘီမြို့နယ် နှောကုန်းကျေးရွာရှိ နေအိမ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် PORTER II မော်တော်ယာဉ်၊ ISUZU MAX မော်တော်ယာဉ်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများကို မလေးရှားရေပိုင်နက်နှင့် ရခိုင်ပြည်နယ်တို့သို့ တာဝန်ခံသယ်ဆောင်ပေးသူ ကျော်စွာဝင်း(ကွမ်းခြံကုန်း)နှင့် ပူးပေါင်းပါဝင်သူ စိုးပိုင်ဝင်းတို့ကို ထားဝယ်မြို့တွင် TOYOTA SUCCEED မော်တော်ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဩဂုတ် ၁၁ ရက် နံနက် ၂ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါးများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ညီညီစိုးခန့်ကို ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာအုပ်စု အောင်ဇေယျကျေးရွာရှိ နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ကွမ်းခြံကုန်းမြို့နယ် အောင်ဇေယျကျေးရွာရှိ ပုစွန်ကန်အနီးတွင် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်ရန်အတွက် ကျော်စွာဝင်း(ကွမ်းခြံကုန်း)က သိုဝှက်ထားရှိသည့် စိတ်ပြောင်းဆေးဝါး ကက်တမင်း ၁၈၉၉ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၉၄ ဒသမ ၉၅ ဘီလီယံ) ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း။

ဩဂုတ် ၁၃ ရက်တွင် ကျော်စွာဝင်း (ကွမ်းခြံကုန်း)က မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုရန်စီစဉ်ထားသည့် **"အောင်စိုးလင်း"** အမည်ပါ စက်လှေကို ထိန်းသိမ်းထားသူ ကျော်စိုးခိုင်နှင့်အတူ မြိတ်မြို့ မြိတ်မြို့တောင်ကျေးရွာ နန်းသူဇာ တံတားအနီးတွင်လည်းကောင်း၊ ကံကောင်း(ဖမ်းဆီးရန်ကျန်)က ဝယ်ယူပေးထားသည့် **"ငွေကသစ်"**နှင့် **"ဆုမြတ်နိုင်"** အမည်ပါ စက်လှေ နှစ်စီးနှင့် ငါးဖမ်းစက်လှေ တစ်စီးတို့ကို ဒေးဒရဲမြို့ နိဗ္ဗာန်ကွင်းရပ်ကွက် တိုးမြစ်ကမ်းဘေးရှိ လွန်းကျင်း၌လည်းကောင်း၊ **"အောင်မြတ်ပိုင်"**အမည်ပါ စက်လှေနှင့် ပဲ့ထောင်စက်လှေ တစ်စီးတို့ကို ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ၌လည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ကျော်စွာဝင်း(ကွမ်းခြံကုန်း)၏ ဖော်ထုတ်ချက်အရ မလေးရှားရေပိုင်နက်သို့ သယ်ဆောင်မည့် အိုက်စ်(မက်သ်အဖက်တမင်း)များကို ကွမ်းခြံကုန်းမြို့နယ် အောင်ဇေယျကျေးရွာ၊ လက်ခုပ်ကုန်းကျေးရွာနှင့် လက်ခုပ်ကုန်း-ဆယ်အိမ်ကုန်းရွာသွားလမ်းတို့တွင် နေရာသုံးခုခွဲ၍ မြေမြှုပ်သိုဝှက်ထားကြောင်း သိရှိရသဖြင့် ၎င်းနှင့်အတူ မြေမြှုပ်သိုဝှက်ထားရာတွင် ပူးပေါင်းပါဝင်ခဲ့သည့် ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာနေ အောင်ကျော်(ခ) အောင်ကျော်စိုး၊ ရာကျော်(ခ)ကိုရှိုင်းနှင့် ကျော်စိန်အောင်(ခ) ကျော်ကြီးတို့ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့လိုက်လံပြသသည့်နေရာများမှ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၁၄၀ ဒသမ ၃၅၅ဘီလီယံ)ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ဩဂုတ် ၁၅ ရက် ည ၁၁ နာရီခွဲတွင် မလေးရှားရေပိုင်နက်သို့ တင်ပို့မည့် အိုက်စ်(မက်သ်အဖက်တမင်း)များကို ကျော်စွာဝင်း(ကွမ်းခြံကုန်း)ထံ အပ်နှံထားခဲ့သူ မင်းချစ်အောင်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၈ ရပ်ကွက်ရှိနေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စိတ်ပြောင်းဆေးဝါး ကက်တမင်းတို့ကို ရန်ကုန်တွင်သိုလှောင်စေပြီး ရခိုင်ပြည်နယ်နှင့် ပြည်ပသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူမှာ ကျေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာနေ စိုင်းစု (ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး ၎င်း၏အစီအမံဖြင့် လှသောင်း (ဖမ်းဆီးရန်ကျန်)နှင့် စိုင်းရီ(ဖမ်းဆီးရန်ကျန်)တို့က စိတ်ကြွရူးသွပ်ဆေးပြားများကို ရန်ကုန်မြို့တွင် ခေတ္တသိုလှောင်ပြီး ရခိုင်ပြည်နယ်မှတစ်ဆင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့သယ်ဆောင်ရန် တာဝန်ခံဆောင်ရွက်သူမှာ ထွန်းသိန်း ဖြစ်ကြောင်း၊ ရန်ကုန်မှ ရခိုင်ပြည်နယ် မြေပုံမြို့သို့ တာဝန်ခံသယ်ဆောင်သူမှာ

**စာမျက်နှာ ၂၂ သို့**



အောင်လင်း(ယာဉ်မောင်း)



သောင်းထွန်း(ကိုဒေါင်စောင့်)



ရွှေပြည်သာမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။





**စာမျက်နှာ ၂၁ မှအဆက်**

ဝင်းဇော်သိန်း (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ သယ်ဆောင်သူမှာ ဝင်းခိုင်(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်းသိရှိရပြီး ရခိုင်ပြည်နယ် မြေပုံမြို့ရှိ ဝင်းခိုင်ထံသို့ စိတ်ကြွရူးသွပ်ဆေးပြားများရောက်ရှိပါက **AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဗိုလ်မှူးအဆင့်ရှိ ကိုရေး(အကောက်ခွန်မှူး) (ဖမ်းဆီးရန်ကျန်)ထံ ရခိုင်ပြည်နယ်သို့ ဖြတ်သန်းခအဖြစ် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ လျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် အခွန်ပေးဆောင်ရသည်** ဟု သိရှိရကြောင်း။

ရန်ကုန်မြို့မှတစ်ဆင့် မလေးရှားရေပိုင်နက်သို့ ပင်လယ်ရေကြောင်းဖြင့် တင်ပို့မည့် သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ပို့ဆောင်ခိုင်းသူမှာ **လားရှိုးမြို့နေ ကံကောင်း (ဖမ်းဆီးရန်ကျန်)** ဖြစ်ပြီး ၎င်း၏စေခိုင်းချက်အရ မင်းချစ်အောင်က ကျော်စွာဝင်း(ကွမ်းခြံကုန်း)ထံ သိမ်းဆည်းရမိအိုက်စ်(မက်သ်အဖက်တမင်း)များကို သုံးကြိမ်ခွဲ၍ အပ်နှံခဲ့ကြောင်း၊ ထို့ပြင် ကျော်စွာဝင်း(ကွမ်းခြံကုန်း)သည် ကြည်ဖြူ(ခ)ကျော်ဝင်းဌေး၏ အစီအမံဖြင့် မလေးရှားရေပိုင်နက်သို့ မူးယစ်ဆေးဝါးများကို ကံကောင်း(ဖမ်းဆီးရန်ကျန်) ဝယ်ယူပေးထားသည့် စက်လှေများဖြင့် ပွဲနင်း ချစ်ကို(ဖမ်းဆီးရန်ကျန်)နှင့် ကိုလတ်(ဖမ်းဆီးရန်ကျန်)တို့ကရန်ကုန်မှ ပင်လယ်ဝသို့ သုံးကြိမ်၊ **ကော့သောင်းမှ မလက္ကာရေလက်ကြားသို့လေးကြိမ်** ပို့ဆောင်ခဲ့ကြောင်း၊ ကြည်ဖြူ(ခ) ကျော်ဝင်းဌေးမှာလည်း ကော့သောင်းမြို့တွင် အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၂၉ တန်၊ ကက်တမင်း ၁ ဒသမ ၈၇ တန်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ သိန်း ဖမ်းဆီးရမိမှုတို့ဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်ကြောင်း။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ ၁၃ ဦး၊ ဖမ်းဆီးရန်ကျန် တရားခံ ကိုးဦးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ယင်းမူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့သည် စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်တို့သို့ ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်းတို့ကို အသုံးပြု၍ သယ်ဆောင်ရောင်းဝယ်မှု အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်ရရှိသဖြင့် ထိရောက်စွာအရေးယူနိုင်ရေးနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

ကွမ်းခြံကုန်းမြို့နယ်တွင် မြေကျင်းတူးမြှုပ်ထားသော နေရာ နှစ်နေရာမှ ထွန်းသိန်း အပ်နှံထားသည့် ကက်တမင်း ၁၈၉၉ ကီလို သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ကျော်စွာဝင်းနှင့်အတူ လက်ခံခဲ့သူ နှစ်ဦး


ညီညီစိုးခန့်


စိုးပိုင်ဝင်း












ရန်ကုန်မှ မလေးရှားရေပိုင်နက်သို့ အိုက်စ်နှင့် ကက်တမင်းများ ပို့ဆောင်ခြင်း


ကျော်စွာဝင်း(ကွမ်းခြံကုန်း)

မလေးရှားရေပိုင်နက်သို့ အိုက်စ်နှင့် ကက်တမင်းများကို တာဝန်ခံ ပို့ဆောင်သူ




သစ်သားကိုယ်ထည်စက်လှေ


သစ်သားခွဲစက်လှေ








ပဲ့ထောင်


"အောင်စိုးလင်း "အမည်ပါ စက်လှေ


ရာကျော်


အောင်ကျော်စိုး



ကျော်စိန်အောင်



တရားခံ သုံးဦး၏ ဖော်ထုတ်ချက်အရ ကွမ်းခြံကုန်းမြို့နယ်တွင် မြေကျင်းတူး မြှုပ်ထားသောနေရာလေးနေရာမှ အိုက်စ် ၅၆၁၄ ဒသမ ၂ ကီလို ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။









## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# စာကြည့်တိုက်အခြေပြုသင်ကြားသင်ယူမှုစနစ် သို့မဟုတ် ခေတ်မီပညာရေး၏သော့ချက်

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်ဟု လက်ခံထားကြသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို အဓိကတည်ဆောက်ကြရသည်။ ပညာရေးသည် လူမှုရေးနှင့် စီးပွားရေးအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကတွန်းအားတစ်ရပ်ဖြစ်သကဲ့သို့ တီထွင်ဖန်တီးနိုင်စွမ်းကိုလှုံ့ဆော်ပေးပြီး ဆန်းသစ်တီထွင်မှုကိုလည်းဖြစ်ပေါ်စေသည်။

ခေတ်သစ်ပညာရေးသည် အလွတ်ကျက်မှတ်ခြင်းထက် အချက်အလက်စိစစ်သုံးစွဲနိုင်စွမ်း (Information Literacy)၊ ဝေဖန်တွေးခေါ်မှု(Critical Thinking)နှင့် တီထွင်ဖန်တီးနိုင်စွမ်း(Creativity) တို့ကို အလေးပေးလာရာ ကျောင်းစာကြည့်တိုက်များသည် အဆိုပါစွမ်းရည်များ မွေးဖွားရာနေရာအဖြစ်အရေးပါလာသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံသူ၊ နိုင်ငံသားများ၏သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာအသိပညာဗဟုသုတကြွယ်ဝမှုများ၊ အတတ်ပညာကျွမ်းကျင်မှုများ၊ လေ့လာအားထုတ်မှုများနှင့် တီထွင်ကြံဆမှုများအပေါ်များစွာမူတည်နေသည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် အခြေခံအုတ်မြစ်မှာ မှန်ကန်ကောင်းမွန်သည့် ပညာရေးစနစ်နှင့်ပညာရေး၏ ရတနာသိုက်နှင့်တူသည့် စာကြည့်တိုက်များဖွံ့ဖြိုးရှင်သန်လာရေးပင်ဖြစ်သည်။

အရည်အသွေးမြင့်မားသည့် သင်ကြားမှုနှင့်ပညာရေးဆိုင်ရာအမြင့်မားဆုံး စွမ်းဆောင်မှုရရှိစေရန်အတွက် စာကြည့်တိုက်များက ပညာရေးစနစ်အသစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အရေးကြီးသောအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေသည်။ ထို့ကြောင့် စာကြည့်တိုက်အခြေပြုသင်ကြားသင်ယူမှုစနစ် (Library-Based Learning System) သည် ကမ္ဘာတစ်ဝန်းရှိ ပညာရေးအဖွဲ့အစည်းများ၏ ဗဟိုချက်အဖြစ်ပေါ်ထွန်းလာသည်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်း၏သင်ကြားမှု၊ သင်ယူမှုတို့ကို တိုးတက်စေရုံသာမက ဘဝတစ်သက်တာသင်ယူလေ့လာမှု (Life Long Learning) စွမ်းရည်၊ နည်းပညာ၊ အကြောင်းအချက်နှင့် သုတပညာတတ်မြောက်မှုတို့ကိုပါ လေ့လာနိုင်သည့်နေရာတစ်ခုဖြစ်သည်။ စာကြည့်တိုက်၏စာပေအရင်းအမြစ်များ၊ ဝန်ဆောင်မှုများသည် ကျောင်း၏ရည်မှန်းချက်ပန်းတိုင်ကိုဖြည့်ဆည်းပေးရုံသာမက သင်ကြားမှု၊ သင်ယူမှုရလဒ်၊ အသိပညာဗဟုသုတကြွယ်ဝမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတို့ကို ယခင်ရှိရင်းစွဲအနေအထားထက် သိသာခြားနားသည့် အောင်မြင်မှုကို ပေးစွမ်းနိုင်မည်ဖြစ်သည်။

ယနေ့ခေတ်သည် သတင်းအချက်အလက်များ၊ အကြားအမြင်ဗဟုသုတများကို အခြေခံသည့်ခေတ်ဖြစ်သဖြင့် လူ့အဖွဲ့အစည်းတွင် အဓိကလိုအပ်သော သတင်းအချက်အလက်များ၊ အတွေးအခေါ်များရရှိရန် စာကြည့်တိုက်များက ကူညီပံ့ပိုးပေးသည်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသားများ၏ ဘဝတစ်သက်တာ သင်ကြားရေးစွမ်းရည်နှင့် စိတ်ကူးစိတ်သန်းများကို တိုးတက်ဖွံ့ဖြိုးစေပြီး နိုင်ငံသားကောင်းပီသစွာ ကြီးပြင်းနိုင်စေရန် မွေးထုတ်ပေးကြသည့် နေရာဖြစ်သည်။ စာကြည့်တိုက်များသည် ဒီမိုကရေစီပညာရေး၏ အုတ်မြစ်ဖြစ်ပြီး လွတ်လပ်သောသင်ယူမှုအတွက် မရှိမဖြစ်အရေးကြီးသည့်အရင်းအမြစ်လည်းဖြစ်သည်။

စာကြည့်တိုက်အခြေပြုသင်ကြားသင်ယူမှုစနစ်တွင် ကျောင်းသား၊ ကျောင်းသူများသည် အဓိကအခန်းကဏ္ဍမှပါဝင်လာပြီး စာကြည့်တိုက်၌ အိမ်စာသွားလုပ်ရုံမျှသာမဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ၏လိုအပ်ချက်၊ စိတ်ဝင်စားမှုနှင့်စွမ်းရည်များကို အခြေခံ၍ လေ့လာနိုင်သောစနစ်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများကို မေးခွန်းမေးခြင်း၊ ဆွေးနွေးခြင်း၊ စီမံကိန်းလုပ်ခြင်း၊ အုပ်စုလိုက်လေ့လာခြင်းများ ပါဝင်စေသည်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း စီ၏ကွဲပြားသော သင်ယူမှုပုံစံ (Learning Styles)နှင့်အရည်အချင်းများကိုလည်း ထည့်သွင်းစဉ်းစားရသည်။ ပြဿနာများဖြေရှင်းခြင်း၊ စမ်းသပ်ခြင်း၊ လက်တွေ့လုပ်ဆောင်ခြင်းများကို အလေးပေးဆောင်ရွက်ရသည်။ ဆရာသည် အသိပေးသူ (Facilitator) အဖြစ်လုပ်ဆောင်ပြီး ကျောင်းသား၊ ကျောင်းသူများကို ကိုယ်တိုင်ရှာဖွေသင်ယူနိုင်ရန် လမ်းညွှန်ပေးရသည်။ အဆင့်သတ်မှတ်ခြင်းထက် ကျောင်းသား၊ ကျောင်းသူများ၏တိုးတက်မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ကိုယ်တိုင်အကဲဖြတ်ခြင်းတို့ကိုပြုလုပ်ရသည်။ဆရာဗဟိုပြုစနစ်တွင် ဆရာကအဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး ကျောင်းသား၊ ကျောင်းသူများက နားထောင်ခြင်း၊ အာဂုံဆောင်ခြင်းတို့ဖြင့် သင်ယူကြရသည်။ ကျောင်းသားဗဟိုပြုသင်ယူမှုစနစ်တွင် ကျောင်းသားများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှု၊ စူးစမ်းလေ့လာမှုနှင့်အတွေ့အကြုံများမှတစ်ဆင့် သင်ယူကြရသည်။

စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူခြင်းဖြင့် မိမိသိလိုသည့်အကြောင်းအရာများကို စနစ်တကျရှာဖွေစုဆောင်းတတ်ခြင်း အလေ့အကျင့်ရရှိလာစေပြီး ဝေဖန်ပိုင်းခြားနိုင်စွမ်း တိုးမြင့်လာစေမည်ဖြစ်သည်။ ဆရာ၊ နည်းပြမရှိသည့်တိုင် ကိုယ့်အားကိုယ်ကိုး၍ ဦးဆောင်သင်ယူတတ်သည့်အလေ့အထကိုရရှိလာစေမည်ဖြစ်သည်။ ထို့ပြင် မိမိလိုအပ်သော သတင်းအချက်အလက်များကို ဘယ်မှာရှာရမည်၊ ဘယ်လိုအသုံးချရမည်ကို နားလည်လာစေပြီး ကျောင်းပြီးဆုံးသွားသည့်တိုင် အသိပညာများကို ဆက်လက်ရှာဖွေလိုစိတ် ဖြစ်ပေါ်စေမည်ဖြစ်သည်။ ဒစ်ဂျစ်တယ်နည်းပညာနှင့် အွန်လိုင်းကို အသုံးပြုရသည့်အတွက် နည်းပညာနှင့်ပတ်သက်၍ ရင်းနှီးကျွမ်းဝင်မှုရရှိလာစေမည်ဖြစ်သည်။ ပျော်ရွှင်သောသင်ယူမှုကိုဖြစ်စေပြီး အဖွဲ့လိုက်လုပ်ဆောင်ရသည့်အတွက် ပူးပေါင်းဆောင်ရွက်တတ်သည့်စိတ်ဓာတ်ကို တိုးတက်စေမည်ဖြစ်သည်။ စာကြည့်တိုက်အခြေပြုသင်ယူလေ့လာခြင်းဖြင့် သင်ယူမှုစွမ်းရည်၊ သုတေသနနှင့် အချက်အလက် စိစစ်မှုစွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။

> **❖စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူခြင်းဖြင့် မိမိသိလိုသည့်အကြောင်းအရာများကို စနစ်တကျရှာဖွေစုဆောင်းတတ်ခြင်း အလေ့အကျင့်ရရှိလာစေပြီး ဝေဖန်ပိုင်းခြားနိုင်စွမ်း တိုးမြင့်လာစေမည်ဖြစ်သည်။ ဆရာ၊ နည်းပြမရှိသည့်တိုင် ကိုယ့်အားကိုယ်ကိုး၍ ဦးဆောင်သင်ယူတတ်သည့်အလေ့အထကို ရရှိလာစေမည်ဖြစ်သည်။ ထို့ပြင် မိမိလိုအပ်သောသတင်းအချက်အလက်များကို ဘယ်မှာရှာရမည်၊ ဘယ်လိုအသုံးချရမည်ကို နားလည်လာစေပြီး ကျောင်းပြီးဆုံးသွားသည့်တိုင် အသိပညာများကို ဆက်လက်ရှာဖွေလိုစိတ် ဖြစ်ပေါ်စေမည်ဖြစ်သည်။ ❖**

သင်ကြားသင်ယူမှုစနစ်တွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည် အရေးကြီးသဖြင့် မိမိကိုယ်တိုင် စာပေတတ်ကျွမ်းအောင် လေ့လာရုံသာမက ကျောင်းသား၊ ကျောင်းသူများကိုလည်း နားလည်အောင် သင်ကြားပေးနိုင်ရန် လိုအပ်သည်။ အလွတ်ကျက်စနစ်မှ စဉ်းစားတွေးခေါ်ဖန်တီးနိုင်မှုကို အားပေးသောထိရောက်သည့် သင်ကြားရေးစနစ်များကို ပြောင်းလဲအသုံးပြုရသဖြင့် ပညာရပ်များကို အမှန်တကယ်တတ်ကျွမ်းအောင်သင်ကြားပေးကြရမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ စာများများဖတ်ရှုလာစေရေး၊ စာကြည့်တိုက်နှင့်အင်တာနက်မှ ပညာဗဟုသုတများ ရှာဖွေဆည်းပူးတတ်စေရေးတို့ကိုလည်း လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သည်။ ယနေ့ခေတ်သည် သတင်းအချက်အလက်နှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့်များစွာ လေ့လာသင်ယူနိုင်ပြီး ထိထိရောက်ရောက် လေ့လာသင်ယူနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စာကြည့်တိုက်များသည် မိမိဘာသာလေ့လာလိုသူများအတွက် အရေးပါသော အရင်းအမြစ်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၊ အမေရိကန်သမ္မတအေဗရာဟမ်လင်ကွန်း၊ ဟယ်လင်ကဲလား (Helen Keller)၊ သောမက်စ်အက်ဒီဆင် (Thomas Edison)အစရှိသောနိုင်ငံခေါင်းဆောင်များ၊ ပညာရှင်များကဲ့သို့ ဖွဲ့လုံ့လ၊ ဝီရိယနှင့်စွမ်းရည်များရှိပါက လူ့အဖွဲ့အစည်းက ဂုဏ်ပြုအသိအမှတ်ပြုမှုများ ရရှိနိုင်ကြောင်း အထောက်အထားများစွာရှိသည်။ နိုင်ငံတော်က ပြည်သူ့စာကြည့်တိုက်များကိုအခြေခံ၍ ပြည်သူများ အသိပညာမြင့်မားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ပြည်သူ့စာကြည့်တိုက်ပေါင်း ၄၀၀ ကျော်ဖွင့်လှစ်ထားရှိ၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။ ထို့ပြင် စာကြည့်တိုက်အသုံးပြုသူများကို ပိုမိုလျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် Digital Library Management System(DLMS) ရေးဆွဲ၍ ပြည်သူ့စာကြည့်တိုက် Website ကိုလည်း www.public-library.gov.mm လိပ်စာဖြင့် လွှင့်တင်ထားရှိသည်။ ပြည်သူ့စာကြည့်တိုက်များတွင် လစဉ် သုတ၊ ရသစာအုပ်များ၊ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် နေ့စဉ်ထုတ်သတင်းစာများ ထားရှိပြီး အခမဲ့ဖတ်ရှုနိုင်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန်လိုအပ်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အလေးထား၍ ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နောင်အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့် လူငယ်လူရွယ်များကို ကာယအား၊ ဉာဏအားများ ဖွံ့ဖြိုးရင့်သန်လာသည့်နိုင်ငံသားများဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးရန်အထူးလိုအပ်သည်။ မိမိတို့မြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာပြည့်စုံသောပညာတတ်များ ပေါ်များရန်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုမြှင့်တင်ရန်၊ အသုံးချသုတေသနနှင့်ဆန်းသစ်တီထွင်မှုများ အားပေးရန် ရည်ရွယ်၍ စာကြည့်တိုက်များ၏အရေးပါမှုကို ကောင်းစွာသိမြင်လာကြပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒများချမှတ်၍ အားပေးကူညီပံ့ပိုးလျက်ရှိသည်။ ထို့ပြင် စာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များ၏အကျိုးကျေးဇူးကို ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအပြင် တိုင်းရင်းသားပြည်သူများအားလုံး သိရှိနားလည်တန်ဖိုးထားလာကြသဖြင့် မဝေးတော့သည့်အနာဂတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိစာကြည့်တိုက်များ၊ ကျောင်းစာကြည့်တိုက်များအားလုံး ရှင်သန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စာကြည့်တိုက်အခြေပြု သင်ကြားသင်ယူမှုစနစ်သည် ကျောင်းသား၊ ကျောင်းသူများကိုအလွတ်ကျက်မှတ်သူများအဖြစ်မှ ကိုယ်တိုင်စဉ်းစားတွေးခေါ်တတ်သည့်တက်ကြွသော သင်ယူသူများအဖြစ်သို့ ပြောင်းလဲပေးနိုင်သည့် အစွမ်းထက်သောစနစ်ဖြစ်သည်။ စာကြည့်တိုက်အခြေပြုသင်ကြားသင်ယူမှုစနစ်ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ပါက မြန်မာ့ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်မည့် အနာဂတ်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။


**ကိုးကား**

(၁) https://www.open.edu/

(၂) www.moe.gov.mm

(၃) www.myawady.net.mm

(၄) မြန်မာနိုင်ငံစာကြည့်တိုက်အသင်း - ကျောင်းစာကြည့်တိုက်စီမံခန့်ခွဲမှုလက်စွဲ


**နေလင်းသူ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ဝတ္ထုတိုကလျာ

# စုန်ရေအလာ ဆန်ရေအကွေ့ ဝဲကတော့တွေ

ကျွန်းစဉ်မြေစောက်



ဆောင်းညမို့ မြောက်ပြန်လေ တိုးမြဲတိုးနေတယ်။ ညဦးလမိုက်သမယမို့ ပိန်းပိတ်အောင်မှောင်နေတယ်။ ကူးတို့သည် လှော်တက်တစ်ချက်လှော်ယက်လိုက်တိုင်း မြစ်ရေပြင်ထဲ ရေပိုးစုန်းတွေ အဖွေးသားလင်းလက်သွားကြတယ်။ ကျွန်တော်က လှေဦးပိုင်းနေရာယူပြီး လှော်တက်ကလေးနဲ့ ကူလှော်ပေးတယ်။ ကျေးရွာလူကြီး ဦးလှညိုက လှေဝမ်းဗိုက်မှာနေရာယူပြီး ဝမ်းဗိုက်ထဲက ရေအနည်းငယ်ကို ပက်ခွက်ကလေးနဲ့ ပက်ထုတ်တယ်။ ကူးတို့သည် ဦးဘစိန်ကတော့ ပဲ့ကိုင်ပေးကာ လှော်ခတ်ပေးတယ်။

ကျွန်တော်တို့စီးနင်းလိုက်ပါကြမဲ့ စစ်တွေ–ကျောက်ဖြူ–တောင်ကုတ်မြို့တွေကို သွားလာခုတ်မောင်းနေတဲ့ ရခိုင်ကမ်းရိုးတန်းသွားသင်္ဘောဖြစ်ပါတယ်။ ကျွန်တော်တို့က ကြားဆိပ်ကမ်းဖြစ်တဲ့ မြေပုံမြို့နယ် ကမ်းထောင်းကြီးဆိပ်ကမ်းကနေ ကျောက်ဖြူမြို့ကို လိုက်ပါကြမှာဖြစ်ပါတယ်။

"ဟေး ဟိုမှာ သင်္ဘောကြီးလာနေပြီ"

အရှုးကြီးမြစ်ပေါက်က သင်္ဘောထွက်လာတာမြင်လို့ ကူးတို့လှေတွေပေါ်က ခရီးသည်တွေ အားရဝမ်းသာဖြစ်သွားကြတယ်။ သင်္ဘောကတော့ စက်ရှိန်လျှော့လိုက်တယ်။ သင်္ဘောဆိပ်ရယ်လို့ သီးသန့်နေရာမရှိတာကြောင့် မြစ်လယ်မှာပဲ စက်ရှိန်လျှော့ရပ်နားလိုက်ခြင်းဖြစ်ပါတယ်။

"မထွက်ကြနဲ့အုံး။ သင်္ဘောအရှိန်မသေသေးဘူး"

ခရီးသည်တွေ တားမြစ်နေတဲ့ကြားက ကျွန်တော်တို့ ကူးတို့သည် ဦးဘစိန်ကမ်းခြေကနေ လှော်ထွက်ပြီး သင်္ဘောသွားနေတုန်း ရှေ့ကဖြတ်ကူးလိုက်တယ်။ သင်္ဘောပေါ်က ဆင်းကြမဲ့ခရီးသည်တွေ လက်ဦးမှုရအောင်လို့ပဲ ထင်ပါတယ်။ ကျွန်တော်တို့ ဘာမှတောင် ပြောချိန်မရလိုက်ကြဘူး။

"ဒိုင်း ဝေါ ဝေါ ဝေါ ဝူး"

ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တဲ့မြစ်ရေပြင်ထဲ နစ်ဝင်သွားခဲ့လေပြီ။ ကျွန်တော်တို့ကူးတို့လှေကို သင်္ဘောတိုက်လိုက်ပြီလို့ သိလိုက်ရတဲ့အချိန်မှာ ကျွန်တော် ဆောက်တည်ရာမရတော့။ မြစ်ရေပြင်ထဲ အားသွန်ခွန်စိုက်ကူးခတ်နေရာက မျက်စိကိုအားယူပြီးလှမ်းကြည့်လိုက်တဲ့အခါ ကျွန်တော့်အိပ်ရာလိပ်ကလေး မြစ်ရေပေါ် ပေါ်နေတာကို သင်္ဘောမီးရောင်ကြောင့် ကျွန်တော်လှမ်းမြင်လိုက်ရတယ်။ ဒီအိပ်ရာလိပ်ထုပ်ကလေးဟာ ဘဝအတွက် သေရေးရှင်ရေးပဲ။ ဒီအထုပ်ကလေး လက်လွှတ်လိုက်ရရင် ငါသေသွားတာနဲ့ ဘာများထူးသေးလို့လဲ။

ကျွန်တော်စုထားတဲ့ ငွေအရင်းအနှီးအပြင် ဆွေမျိုးတွေဆီက မေတ္တာရှိလို့ ထုတ်ပေးထားကြတဲ့ အရင်းအနှီးတွေလဲပါတယ်။ အိပ်ရာလိပ်ကလေးထဲမှာ ရွာစဉ်လျှောက်ပြီးဝယ်လာခဲ့တဲ့ ငွေထည်ငွေစကလေးတွေ၊ အမျိုးသမီးဆံထိုးကလေးတွေကို စုထည့်ယူလာခဲ့တယ်။ ဒီအိပ်ရာလိပ်ထုပ်ကလေးဟာ ကျွန်တော့်ရဲ့ရတနာထုပ်၊ ဆုံးရှုံးမခံလိုတဲ့ဆန္ဒဟာ ကျွန်တော့်ရင်ဘတ်ထဲမှာ ပြောင်းဆန်နေတယ်။ ကျွန်တော်အိပ်ရာလိပ်ဆီကူးခတ်ပြီး ကမန်းကတန်းလှမ်းဆွဲထားလိုက်တယ်။ အိပ်ရာလိပ်မှာ ရေအောက်ကို သုံးပုံနှစ်ပုံလောက်နစ်မြုပ်နေပြီဖြစ်လို့ တော်တော်လေးနေတယ်။ အိပ်ရာလိပ်ပိတ်စကအကြမ်းသားဖြစ်နေတာကြောင့် ရေစိုရေမြုပ်လွယ်တာရယ်၊ အိပ်ရာလိပ်ထဲမှာ စောင်၊ ခေါင်းအုံးတွေ ရေစိုသွားတာရယ်၊ အလေးချိန်စီးတဲ့ငွေစ၊ ဆံထိုးခေါင်းတွေပါနေတာရယ်ကြောင့် တဖြည်းဖြည်းရေအောက်ကို နစ်မြုပ်နေတယ်။ ရေပြင်ပေါ်မှာ အိပ်ရာလိပ်လက်ကိုင်ကွင်းကလေးတစ်ခုသာမြင်ရပါတော့တယ်။ ကျွန်တော့် ဘယ်ဘက်လက်ကို အိပ်ရာလိပ်လက်ကိုင်ကွင်းထဲ ထိုးသွင်းပြီး လက်မောင်းရင်းထိ ရောက်စေခဲ့လိုက်တယ်။ သေရင်လဲ ဒီအိပ်ရာလိပ်နဲ့အတူ သေပလေ့စေလို့ ကျွန်တော်ဆုံးဖြတ်ထားလိုက်တယ်။

ကျွန်တော့်ရတနာထုပ်ကလေး လွတ်မကျရေးအတွက် ကြိုးစားတယ်။ မနစ်မြုပ်ဖို့အတွက်လဲ ကူးခတ်တယ်။ လှုပ်ရှားရုန်းကန်တာတွေများလာတော့ ခြေထောက်တွေကော လက်တွေကော ထုံကျင်လာတယ်။ ကျွန်တော်ပင်ပန်းနေပြီ။ အိပ်ရာလိပ်ကလေး တံတောင်ဆစ်နားထိ လျှောဆင်းလာခဲ့တယ်။ စိတ်မာန်တင်းပြီး အိပ်ရာလိပ်ကို ကုပ်ဆွဲထားလိုက်တယ်။ ခဏအကြာမှာပဲ အိပ်ရာလိပ်က တံတောင်ဆစ်မှာ ရှိမနေတော့ဘဲ လက်ဖျားဆီကို နိမ့်ဆင်းလာခဲ့တယ်။ လေးလိုက်သည်မှာလဲ ပြောစရာမရှိ။ ဆန်အိတ်ကို သယ်မထားရသလိုရှိနေတယ်။

"မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒီအိပ်ရာလိပ်ကလေး ပါသွားရင် ငါ့ဘဝသွားပြီ။ ငါ့ကမ္ဘာပျက်ပါပြီ"

အိပ်ရာလိပ်ကလေးကို ရေထဲလွတ်ကျမသွားဖို့အတွက် လက်ချောင်းကလေးငါးချောင်းနဲ့ လက်ကိုင်ကွင်းကို ဆုပ်ကိုင်ထားလိုက်တယ်။ ခြေထောက်နဲ့လက်တွေ လှုပ်ရှားကူးခတ်ဖန် များလာတဲ့အခါ နွမ်းရိပင်ပန်းလာပြီး အိပ်ရာလိပ်မှာ ပိုလေးလာတယ်။

"ဒီလိုပုံနဲ့ ငါမလွယ်ဘူး" ကျွန်တော်မျက်စိကို ဝေ့ယမ်းကြည့်ပြီး အားကိုးရှာလိုက်တယ်။ ရေလယ်ကျောဘက်မို့ထင်ရဲ့။ ကူးတို့လှေ တစ်စီးတလေမှ မတွေ့ရ။ ကျွန်တော်ဝမ်းနည်းသလိုဖြစ်လာတယ်။ ကူးခတ်နေရင်းနဲ့ တစ်ချီတစ်ချီ မြစ်ရေတွေ ပါးစပ်ထဲဝင်သွားပြီး လည်ချောင်းတစ်ခုလုံး နာကျင်ခြင်းဝေဒနာကို ပြင်းပြစွာခံစားသွားရတယ်။ အိပ်ရာလိပ်ထုပ်လဲ လက်ထဲက လွတ်ကျလုနီးပါးဖြစ်နေပြီ။ မြစ်ရေပြင်အောက်ငုပ်ဆင်းဖို့ အရေးဆိုနေပေပြီ။

"ဟာ ဟိုမှာ ဟိုမှာ လှေ လှေ လှေတစ်စီး"

ကျွန်တော့်ရင်ဘတ်ထဲမှာ အသံတိတ်မြည်ဟီးသွားပါတော့တယ်။ မြစ်ရေပြင်ကျောဘက်ကို လှည့်ထွက်လာတဲ့ ကူးတို့လှေတစ်စီးကို တွေ့လိုက်တာကြောင့် ကျွန်တော့်ခန္ဓာကိုယ်ထဲ ခွန်အားတွေပြည့်သွားသလိုခံစားသွားရတယ်။ လှေမှာ ရေကျနဲ့မို့ ကျွန်တော့်အနီး ချက်ချင်းရောက်လာခဲ့တယ်။ ခက်ခဲစွာရလာခဲ့တဲ့အခွင့်အရေးကို ကျွန်တော်လက်လွှတ်မခံ။ ကူးတို့လှေကလေးကို ညာလက်နဲ့လှမ်းကိုင်ကာ ကျွန်တော်ဖက်တွယ်ထားလိုက်တယ်။

"ဟာ ဒုက္ခပါပဲ။ ဒီမှာပစ္စည်းတွေနဲ့ နစ်တော့မှာပဲ။ မတက်နဲ့ မတက်နဲ့"

ကူးတို့လှေကလေးပေါ်က ထွက်ပေါ်လာတဲ့အသံ။

ကျွန်တော်ကတော့ လှေကလေးကို ဖက်တွယ်မြဲဖက်တွယ်ထားလိုက်တယ်။ ကျွန်တော်လှေပေါ်ရောက်ဖို့လိုတယ်။ လှေပေါ်က လူနှစ်ယောက်ကို အကူအညီတောင်းလို့ အဆင်ပြေမှာမဟုတ်ကြောင်း ကျွန်တော်နားလည်လိုက်တယ်။ သူတို့တွေလဲ သင်္ဘောပေါ် သူတို့ပစ္စည်းရောက်ဖို့အတွက် ကြိုးစားနေကြတာလေ။

ကျွန်တော် ညာဘက်လက်ကို လှေနံရံမှာချိတ်ထားပြီး ညာဘက်ခြေထောက်ကို လှေပေါ်လွှားတင်လိုက်တယ်။ ရေတွေဝေါခနဲဝင်ကာ ကူးတို့လှေကလေး နစ်တော့မလိုဖြစ်သွားတယ်။ လှေရှင် နှစ်ယောက် ကျွန်တော့်ဆီရောက်လာကြပြီး ကျွန်တော့်လက်ကိုတစ်ယောက်၊ ခြေထောက်ကိုတစ်ယောက် ဆွဲကိုင်ကာ ကျွန်တော့်ကို ရေထဲတွန်းချလိုက်ကြတယ်။ သူတို့တွေ ကျွန်တော့်ကို အော်သလို၊ ဟောက်သလိုပြုနေတာကိုလဲ ကျွန်တော်ကြားလိုက်မိသလိုလိုပဲ။ လှေရှင်နှစ်ယောက် သူတို့ပစ္စည်းတွေကို သင်္ဘောပေါ်တင်နေကြတာ ကျွန်တော်သတိထားလိုက်မိတယ်။

ကျွန်တော် လှေဆီ ပြန်ကပ်လိုက်ပြန်တယ်။ ဒီတစ်ချီမှာတော့ လက်ကော၊ ခြေကော၊ မေးစေ့ကော ကျွန်တော်ပြိုင်တူတွယ်ချိတ်ထားလိုက်တယ်။ လှေပေါ်ရောက်ဖို့အရေးဟာ ကျွန်တော့်အတွက် သေရေးရှင်ရေးပါပဲ။ လှေရှင်တစ်ယောက်ဟာ ကုန်ပစ္စည်းတွေကို သင်္ဘောပေါ်ဆက်တင်နေတယ်။ အချိန်နဲ့တစ်ပြေးညီလုပ်ရတဲ့အလုပ်ပဲလေ။ တစ်ယောက်ကတော့ ကျွန်တော့်ဆီရောက်လာပြီး လှေနံရံကို တွယ်ချိတ်ထားတဲ့ ကျွန်တော့်လက်ချောင်းကလေးတွေကို တစ်ချောင်းချင်းချိုးလှန်ပြီး တွန်းချပြန်တယ်။

"အမယ်လေး နာလိုက်တာ နာလိုက်တာ"

ကျွန်တော်နာလွန်းလို့ လက်ကိုပြန်ရုတ်တယ်။ ဒါပေမဲ့ လှေကိုဖြုတ်လို့တော့မဖြစ်။ လှေကိုချက်ချင်းပြန်ချိတ်လိုက်တယ်။ မထူးတော့ပါဘူး။ ကျွန်တော် ခန္ဓာကိုယ်တွင်းမှာ ရှိရှိသမျှခွန်အားကို ညှစ်ထုတ်ပြီး လှေပေါ် မရအရရုန်းတက်လိုက်ပါတော့တယ်။

"ဗွမ်း"

လှေပေါ်ကို မှောက်လျက်ကျွန်တော်ရောက်သွားတယ်။ ပင်ပန်းမှုကြီးစွာနဲ့ ကျွန်တော်ကျေနပ်သလိုဖြစ်သွားတယ်။ ကျွန်တော့်ရင်ဘတ်ကြီး တဒုန်းဒုန်းမြည်ဟည်းနေတယ်။ ကျွန်တော်မနား။ ရေအောက်ကိုငုပ်ဆင်းဖို့ အရေးဆိုနေတဲ့ အိပ်ရာလိပ်ကို လက်နှစ်ဖက်နဲ့မြဲမြဲကိုင်ကာ အားကုန်ညှစ်ပြီး ဆွဲတင်လိုက်နိုင်တယ်။ လေးလိုက်တဲ့ဖြစ်ခြင်းဗျာ။ ဆန်အိတ်ကိုဆွဲတင်လိုက်ရတာနဲ့ ဘာမှမခြားပါဘူး။ ကျွန်တော်သတိထားမိတာက ကျွန်တော့်အိပ်ရာလိပ်က ထွက်ကျလာတဲ့ရေတွေကြောင့် ကူးတို့လှေကလေးမှာ ရေတော်တော်ပြည့်သွားတာပဲ။ နောက်ဆုံးကြိုးစားခြင်းလို့ဆိုရပေမလားမသိ။ လေးလွန်းတဲ့ အထုပ်ကို ရေထဲက ကျွန်တော်ဆွဲတင်နိုင်လိုက်တာဟာ မဖြစ်မနေကြိုးစားရမယ်ဆိုတဲ့ ရင်တွင်းခံစားချက်ကြောင့် အောင်မြင်မှုရခဲ့ခြင်းပဲဖြစ်တယ်လို့ဆိုလိုက်ပါရစေ။ ကျွန်တော့်ရုန်းကန်လှုပ်ရှားမှုတွေ မြန်လွန်းနေတယ်။ ဇယ်စက်သလိုဆိုတာမျိုးထင်ရဲ့။ အသိရဲ့တွန်းအား၊ ဝီရိယရဲ့စွမ်းအားကြောင့်လို့ပဲ ကျွန်တော်ယုံကြည်တယ်။

ကျွန်တော့်ကူးတို့လှေကလေးကို သင်္ဘောတိုက်မိပြီး နှစ်ပိုင်းကျိုးကာ နစ်မြုပ်သွားတာဖြစ်ပါတယ်။ ကျွန်တော် မြစ်ရေပြင်ထဲရောက်တယ်ဆိုကတည်းက ကျွန်တော့်ခန္ဓာကိုယ်အစိတ်အပိုင်းတို့ မနားတမ်းကြိုးစားလှုပ်ရှားနေခဲ့တာ။ ကျွန်တော်လှေကလေးပေါ်ရောက်သည့်တိုင် မရပ်နားရသေးပါဘူး။ ဆန္ဒတရားရဲ့ဦးဆောင်မှုအောက်မှာ ကျွန်တော့်ခန္ဓာကိုယ်လေး မနားတမ်းလှုပ်ရှားနေတယ်။

"ဟာ ဒီကောင်နဲ့ဒုက္ခပဲ လှေမှာရေတွေပြည့်ကုန်ပြီ။ မင်းအထုပ်ပြန်ချစမ်းကွာ လှေနစ်တော့မယ်"

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်ဒုက္ခရောက်နေလို့ပါ။ ကျွန်တော်စီးလာတဲ့လှေလဲ နစ်သွားပြီ။ ကျွန်တော့်ကို သနားကြပါဗျာ"

"ဒုက္ခပါပဲ။ ကဲ ကဲ ဒါဆိုလဲ မင်းအထုပ်သင်္ဘောပေါ် မြန်မြန်တင်"

လှေသားနှစ်ယောက်ကပဲ ကျွန်တော့်အထုပ်ကို ဝိုင်းမပြီး သင်္ဘောပေါ်တင်ပေးလိုက်ကြတယ်။ ကျွန်တော့်ကိုလဲ မပြီး သင်္ဘောပေါ်တွန်းတင်ပေးလိုက်ကြတယ်။ ကျွန်တော်သင်္ဘောပေါ်ပုံမကျပန်းမကျရောက်သွားခဲ့ပြီ။ သင်္ဘောပေါ်က ခရီးသည်တွေ ကျွန်တော့်ကိုအထူးအဆန်း သက်ရှိတစ်ကောင်လို ဝိုင်းကြည့်ကြတယ်။ ကျွန်တော်ရှက်ရမှန်းကြောက်ရမှန်းလဲ မသိတော့ပါဘူး။ ဟိုကြည့်ဒီကြည့်နဲ့ အမောရင်အုံကြီး တဒုန်းဒုန်းခုန်နေတယ်။

"ဟာ ရေတွေချည်းပဲ။ မင်းအထုပ်ကြီး ဒီနားထားလို့ဘယ်ဖြစ်မလဲ။ ဒီမှာအကုန်လုံးစိုကုန်ပြီ။ ဟိုနောက်ဘက် အိမ်သာနား သွားထားလိုက်လေ"

"ဟုတ်ကဲ့ပါဗျာ။ ကျွန်တော်သိပ်မောနေလို့ပါ"

စာမျက်နှာ ၂၅ သို့ ➤

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၅၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၅၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၀၀၅ ဧကနှင့် ဖူးစားပြောင်း ၃၄၉၁ ဧက စုစုပေါင်း ၆၄၉၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၇၆ ဧက၊ ဖူးစားပြောင်း ၅၄၂၄ ဧက စုစုပေါင်း ဧက ၅၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် သရက်ပင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော် ဆောင်ရွက်မည့် သရက်ပင်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက VDP စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ဇာနည်ဝင့်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများဖော်ဆောင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

သရက်ပင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နော်လူး**

➢ စာမျက်နှာ ၂၄ မှအဆက်

ဘဝနဲ့ရင်းပြီးဆင်နွှဲခဲ့ရတာကြောင့် စိတ်ကောကိုယ်ကော ပင်ပန်းလွန်းနေပြီ။ ဒါပေမဲ့ ခရီးတစ်ဝက်မှာ မတ်တတ်ရပ်ပြီး လမ်းမှာငိုနေလို့မဖြစ်။ ခဏအကြာမှာပဲ ရေတစီစီကျနေတဲ့အထုပ်ကြီးကို သင်္ဘောနောက်ပိုင်း အိမ်သာနားပို့လိုက်ပါတော့တယ်။ ကျွန်တော့်အထုပ်ကကျွန်တော့်အတွက်ရတနာထုပ်မို့ အထုပ်အနီးမှာပဲ ကျွန်တော်ထိုင်နေလိုက်တယ်။ ကျွန်တော့်ခန္ဓာကိုယ် ရေစိုအဝတ်တွေက ရေတွေတစက်စက်စီးကျနေတယ်။ ညမှောင်မှောင်ထဲ သင်္ဘောလေဆန်တိုးပြီး မောင်းနှင်လေရာ ရေစိုအဝတ်နဲ့ကျွန်တော် ခိုက်ခိုက်တုန်နေခဲ့ပြီ။ ကျွန်တော့်ခန္ဓာကိုယ်လေးမှာ ရေခဲတုံးကြီးနဲ့ ဘာမှမခြား။

ကမ်းထောင်းကြီးဆိပ်ကမ်းမှ ထွက်ခွာလာခဲ့သည်မှာ အချိန်ဘယ်လောက်ကြာသွားလေပြီမသိ။ ကျွန်တော်မြစ်ပြင်ဝဲယာကို လှမ်းကြည့်ပြီး မှန်းဆကြည့်လိုက်တယ်။ ဩော်...နောင်တော်ကြီးမြစ်ပြင်ကျယ်ထဲရောက်နေမှကိုး။ ဒါကြောင့် သင်္ဘောလူးလှိမ့်လာတာပေ့ါ။ ဒီမြစ်ပြင်ကျယ်ကြီးထဲမှာ ပိုက်ကွန်ချပြီး ငါးဖမ်းခဲ့ဖူးတယ်။ လှိုင်းသရမ်းနဲ့ စီးချင်းထိုးဖူးတယ်။

မြစ်ပြင်ကျယ်ရဲ့သဘာဝအတိုင်း လေပိုပြင်းလာတယ်။ ကျွန်တော်လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဖက်ရင်း ဦးခေါင်းကို ဒူးခေါင်းနှစ်လုံးပေါ် တင်ထားလိုက်တယ်။ ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းကြေကွဲတဲ့၊ အားငယ်တဲ့ဆေးရောင်တွေ စွန်းထင်းလာသလိုပဲ။ ကိုယ့်ဘဝနဲ့ကိုယ် ဒုက္ခခံလို့ အေးအေးမနေရ။ ယိုပေါက်ဖွင့်ချဖို့ လာပြန်ပြီတစ်ယောက်။ ကျွန်တော်ကိုယ်ကိုကိုင်းပြီး အိမ်သာလမ်းကြောင်းကို သူ့ကိုဖယ်ပေးလိုက်တယ်။

"မင်း မင်း ဘယ်လိုဖြစ်နေတာလဲ။ အဝတ်တွေလဲ ရေစိုကြီးနဲ့"

ကျွန်တော်ခေါင်းကို ဖြည်းဖြည်းမော့ကြည့်လိုက်တယ်။ လူကြီးတစ်ယောက် ကျွန်တော့်အဖေအရွယ်ပါပဲ။ ကျွန်တော့်ကိုစိုက်ကြည့်နေတယ်။

"ဒီလိုပါဗျာ။ ကျွန်တော်ကမ်းထောင်းကြီးဆိပ်ကမ်းမှာ ကူးတို့လေနစ်လို့ ဒုက္ခရောက်လာတာပါ"

"ဩော်...ဒုက္ခပါလား။ ဒီရေစိုအဝတ်တွေနဲ့ မင်းဘယ်လိုလုပ်ခံနိုင်မှာလဲ။ ပင်လယ်ပြင်ထဲရောက်နေပြီ။ လေတအားတိုက်နေတယ်"

လူကြီးက ကျွန်တော့်ကို ကရုဏာသက်စွာပြောပြီး သင်္ဘောအပေါ်ထပ် တက်သွားတယ်။ သိပ်မကြာဘူး သူပြန်ရောက်လာတယ်။

"ရော့ ရော့ မင်းဒီအဝတ်တွေလဲဝတ်ထား"

"ဟုတ်ကဲ့ ကျေးဇူးပါဗျာ"

"ကဲ ဟုတ်ပြီ။ မင်းမှာ ပြန်လဲစရာလဲ ရှိပုံမရဘူး။ အကုန်လုံးရေစိုပြီး ဖြစ်နေမှာပေ့ါ"

"ဟုတ်ကဲ့ အိပ်ရာလိပ်ထဲမှာပဲ။ အကုန်လုံး စိုကုန်ပြီဗျာ"

"ဟုတ်ပြီ ဟုတ်ပြီ။ အဲဒီအဝတ်တွေ မင်းပဲယူလိုက်တော့"

ကျွန်တော်အဝတ်အစားတွေ လဲဝတ်လိုက်တယ်။ အနွေးထည်တစ်ထည်ပါ ပါလာလို့ ပိုအဆင်ပြေသွားတယ်။ ကျွန်တော်တွေးကြည့်မိလိုက်တယ်။ ကျွန်တော်ရေထဲက အိပ်ရာလိပ်ထုပ်ကိုဆွဲပြီး ခက်ခဲပင်ပန်းစွာကူးခတ်နေတုန်း ကျွန်တော့်ကို သင်္ဘောပေါ်ရောက်အောင် ဝိုင်းမတင်ပေးလိုက်ကြတဲ့ လှေသားနှစ်ယောက်။ ကျွန်တော်သင်္ဘောပေါ်ရောက်သွားချိန်မှာ ရေစိုအထုပ်ကြီးယူပြီး အိမ်သာနားသွားစေခိုင်းလိုက်ကြတဲ့ ခရီးသည်တချို့နဲ့ ကျွန်တော်မြစ်ပြင်ကျယ်ကြီးထဲ လေပြင်းလှိုင်းထန်ဖြစ်နေတုန်း ကိုယ့်အဝတ်အစားတွေ လာပေးသွားတဲ့ခရီးသည်။

ဩော်... လူ့ဘဝပြေးလမ်းတိုကလေးထဲမှာ ဥပေက္ခာနှလုံးသား၊ မုဒိတာနှလုံးသားတွေ ရက်ဖွဲ့လို့နေကြတာပါကလား။

# ပြင်သင့်တာ ပြင်ဆင်ကြစို့

\- အတွေးကို ပြင်ဆင်သလို့
ဘဝကိုတဲ့ မြင့်စို့ကွယ်၊
အတွေးတွေ ချော်လွဲလျှင်ဖြင့်
ဆင်းရဲလိမ့်မယ်၊
အတွေးမှန်လျှင်တကယ်
လောကအလယ် ထင်ရှား၊
ယုံကြည်ရာ ရှေ့သို့လှမ်း
လမ်းကြောင်းမမှား။

\- အတွေးကို ဉာဏ်ထပ်လောင်းလို့
ကောင်းစေဖို့ ကြံစည်မယ်၊
တို့တိုင်းပြည် ငြိမ်းချမ်းရေး
တွေးလုပ်ဆောင်ကွယ်၊
တို့လုပ်ရပ် မှန်လျှင်တကယ်
မြန်ပြည်နယ် ဂုဏ်တင့်ဆန်း၊
အပြောအလုပ် သဘောမယုတ်တဲ့
လူလုပ်ကြစမ်း။

\- တို့တိုင်းပြည် ငြိမ်းချမ်းမှ
ဘေးမသန်းဘဲ အလှဖြာမယ်၊
တို့ညီနောင် စေ့စေ့တွေးဖို့
သတိပေးလိုက်တယ်၊
ငြိမ်းချမ်းလျှင်တကယ်
တိုင်းပြည်နယ်ဖွံ့ဖြိုး၊
ကမ္ဘာတစ်ခွင် အောင်လံဝင့်
ဂုဏ်တင့်မည်ပြိုး။

\- ပြင်သင့်တာ ပြင်ဆင်ကြဖို့
စိတ်အလှနဲ့ နှိုးဆော်တယ်၊
ကိုယ်ကောင်းရန် အကြံတစ်ချက်နဲ့
စုတ်ချက်မခြယ်၊
မှန်သောသစ္စာဝယ်
အနှစ်မပြယ် စေတနာလောင်း၊
တို့နိုင်ငံ ပြည်အရေးလှဖို့
အကျွန်လေ...
စာသလိုက်ကြောင်း။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# မျိုးဆက်သစ်များကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ဖို့ ကျောင်းကျန်းမာရေးကိုအလေးထားစို့

ကျောင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသည် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ရန်အတွက် များစွာအရေးပါလျက်ရှိသည်။ ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်းသည် ကျောင်းသား၊ ကျောင်းသူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပျော်ရွှင်ပြီး ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာရေးကောင်းမွန်စေရန်အတွက် အန္တရာယ်ရှိသောအပြုအမူများကိုရှောင်ကြဉ်နိုင်ရန် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးခြင်းပင်ဖြစ်သည်။

အမှန်တော့ ပညာရေးနှင့်ကျန်းမာရေးသည် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုနေကြသည်။ ကျောင်းသား၊ ကျောင်းသူများသည် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေမှသာလျှင် ပညာရေးကို ပိုမိုအာရုံစိုက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးဆိုင်ရာပညာဗဟုသုတများ ကြွယ်ဝနေမှသာလျှင် ကျန်းမာရေးအထောက်အကူပြု ကောင်းမွန်သောအမူအကျင့်များကို သိရှိလိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးသည် ကျောင်းသား၊ ကျောင်းသူလူငယ်များကောင်းမွန်စွာပညာသင်ကြားနိုင်ရေးနှင့် ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသည်။

**အခြေခံကျန်းမာရေး**

မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ဆောင်ရန်၊ ပုံမှန်လက်ဆေးကြောရန်၊ သွားနှင့်ခံတွင်းကျန်းမာရေးနှင့်သွားကို စနစ်တကျတိုက်တတ်စေရန်၊ သန့်ရှင်းပြီး အာဟာရပြည့်ဝသော အစားအစာများကိုသာ စားသောက်တတ်စေရန်၊ သန့်ရှင်းသောယင်လုံအိမ်သာ သုံးစွဲတတ်စေရန်၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေးဆိုင်ရာ အခြေခံပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးသွားရန်လိုအပ်သည်။

အလားတူ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ရေးအတွက် မူလတန်းကလေးငယ်များနည်းတူ ကျန်းမာရေးဆိုင်ရာအခြေခံဗဟုသုတများကို မျှဝေသွားရန်လိုအပ်သည့်အပြင် ကိုယ်လက်လှုပ်ရှားအားကစားလုပ်ဆောင်ရန်၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တို့ကို ပညာပေးဟောပြောပေးရန်၊ အမှိုက်ကိုစနစ်တကျစွန့်ပစ်နိုင်ရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန်၊ အာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများကို အန္တရာယ်ကင်းစွာစားသောက်တတ်စေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာရန်၊ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်နိုင်ရေး ပညာပေးဆောင်ရွက်သွားရန် လိုအပ်သည်။

ထို့ပြင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ရေးအတွက်လည်း မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းကျန်းမာရေးဆိုင်ရာပညာပေးလုပ်ငန်းများအပြင် လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ၊ ဆယ်ကျော်သက်လူငယ်များဂရုပြုသင့်သော ကျန်းမာရေးဆိုင်ရာဗဟုသုတများကို မျှဝေသွားရန် လိုအပ်သည်။

**ကျန်းမာရေးအသိပညာပေးခြင်း**

စင်စစ်အားဖြင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းသည် ကျောင်းကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်စေရန် လိုအပ်သည့်အခြေခံအလေ့အထကောင်းများကို ကျောင်းသင်ခန်းစာများမှတစ်ဆင့် လေ့ကျင့်သင်ကြားပေးနိုင်သည်။ အထူးသဖြင့် အခြေခံကျန်းမာရေးဗဟုသုတများ၊ အာဟာရမျှတအောင်စားသောက်မှုပုံစံများ၊ လိင်ပိုင်းဆိုင်ရာအသိပညာများ၊ စိတ်ကျန်းမာရေးဆိုင်ရာအသိပညာများ၊ မူးယစ်ဆေးဝါးကာကွယ်ရေးဆိုင်ရာအသိပညာများ၊ အီလက်ထရွန်နစ်ပစ္စည်း အသုံးပြုခြင်းဆိုင်ရာ အသိပညာများ၊ တယ်လီဖုန်း၊ တက်ဘလက်၊ လက်တော့များသုံးစွဲချိန်နှင့် ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ ကောင်းကျိုး၊ ဆိုးကျိုးများ စသည့်ကျန်းမာရေးဆိုင်ရာအသိပညာများကို အသက်အရွယ်အလိုက် လေ့ကျင့်သင်ကြားပေးသင့်သည်။

**❖ ပညာရေးနှင့်ကျန်းမာရေးသည် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုနေကြသည်။ ကျောင်းသား၊ ကျောင်းသူများသည် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်နေမှသာလျှင် ပညာရေးကို ပိုမိုအာရုံစိုက်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးဆိုင်ရာ ပညာဗဟုသုတများ ကြွယ်ဝနေမှသာလျှင် ကျန်းမာရေးအထောက်အကူပြု ကောင်းမွန်သောအမူအကျင့်များကို သိရှိလိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ❖**

**အားကစားနှင့်ကာယပညာ**

အလားတူ ကိုယ်ကာယလေ့ကျင့်ခန်းများပုံမှန်ပြုလုပ်ခြင်းသည် ကလေးငယ်များနှင့်ဆယ်ကျော်သက်များ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ကလေးငယ်များ၏ဉာဏ်ရည်ဉာဏ်သွေးလုပ်ဆောင်နိုင်စွမ်းနှင့် ပညာရေးဆိုင်ရာစွမ်းရည်ကိုလည်း မြှင့်တင်ပေးနိုင်သည်။ ကျောင်းကျန်းမာရေးအစီအစဉ်များတွင် ကျောင်းတွင်းကာယပညာသင်ခန်းစာများအပြင် ကျောင်းပြင်ပကာယလှုပ်ရှားမှုအခွင့်အလမ်းများကိုပါ ဖန်တီးပေးသင့်သည်။ ထိုအစီအစဉ်များသည် ကျောင်းသားများ၏ ကိုယ်ကာယကျန်းမာသန်စွမ်းမှုကို အထောက်အကူပြုရုံသာမက ပုံမှန်ကာယလှုပ်ရှားမှုပြုလုပ်သည့် အလေ့အကျင့်ကောင်းကိုပါ မွေးမြူနိုင်ရန်အကူအညီပေးသည်။

**အာဟာရဖွံ့ဖြိုးရေး**

ဆိုရလျှင် ကျန်းမာရေးနှင့်ညီညွတ်သောအာဟာရဝန်ဆောင်မှုလုပ်ငန်းများသည် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ကျန်းမာရေးနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးရေးအတွက် သင့်တင့်မျှတသော အစားအသောက်ရွေးချယ်မှုများ ပြုလုပ်နိုင်ရန် အထောက်အကူဖြစ်စေသည်။ ကျောင်းတွင်းအာဟာရဝန်ဆောင်မှုတွင် အာဟာရပြည့်ဝသောနေ့လယ်စာအစီအစဉ်များ၊ သန့်ရှင်းလတ်ဆတ်ပြီးအာဟာရပြည့်ဝသောအစားအသောက်ရောင်းချခြင်း အစီအစဉ်များ၊ အာဟာရဆိုင်ရာပညာပေးအစီအစဉ်များ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှင့်အာဟာရချို့တဲ့မှုများကို စောင့်ကြည့်စစ်ဆေးသောအစီအစဉ်များ စသည့်ဝန်ဆောင်မှုများ ပါရှိသင့်သည်။

**စိတ်ကျန်းမာရေး**

အထူးသဖြင့် စိတ်ကျန်းမာရေးသည် စိတ်ဖိစီးမှုများသော ဆယ်ကျော်သက် ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် များစွာအရေးပါလျက်ရှိသည်။ ကျောင်းစာသင်ခန်းသည် ကျောင်းသားလူငယ်များအတွက် စိတ်ခံတက်ကြံ့ခိုင်သန်မာရန်၊ စိတ်ကျန်းမာရေးဆိုင်ရာအသိပညာများ လေ့လာသင်ယူရန်၊ လူမှုဆက်ဆံရေးနှင့် စိတ်ခံစားမှုဆိုင်ရာထိန်းချုပ်နိုင်သည့်အရည်အသွေးများ လေ့ကျင့်ပျိုးထောင်ပေးရန် အသင့်လျော်ဆုံးနေရာဖြစ်သည်။ ကျောင်းကျန်းမာရေးအစီအစဉ်တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် စိတ်ကျန်းမာရေးအသိပညာပေးမှုများနှင့် စိတ်ကျန်းမာရေးဆိုင်ရာဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ပေးနိုင်ရန်စီစဉ်ထားသင့်သည်။ ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် သင့်လျော်ပြီး လုံခြုံနွေးထွေးသောပတ်ဝန်းကျင်ကောင်းဖြစ်စေရန် လုပ်ဆောင်ဖန်တီးပေးထားခြင်းသည်လည်း လူငယ်များ၏ ပျော်ရွှင်မှုနှင့်စိတ်ကျန်းမာရေးကို ကောင်းစွာမြှင့်တင်ပေးနိုင်သည်။

**ကျန်းမာရေးစောင့်ရှောက်ခြင်း**

အမှန်တော့ ကျောင်းတွင် ကျန်းမာရေးစောင့်ရှောက်သည့်လုပ်ငန်းစဉ်သည် နာမကျန်းဖြစ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းတို့အတွက် အရေးပေါ်ကုသပေးခြင်း၊ လိုအပ်ပါကသက်ဆိုင်ရာကျန်းမာရေးဌာနများသို့ လွှဲပြောင်းကုသပေးခြင်း၊ ကျောင်းသားများအတွက် အခြေခံကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိနှင့်နားကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှင့် အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုအခြေအနေများကိုက်ညီမှု ရှိ၊ မရှိပုံမှန်စစ်ဆေးပေးခြင်း၊ သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကူးစက်နိုင်သောရောဂါများနှင့်အခြားရောဂါများ ကာကွယ်ရေးနှင့်ကုသရေးဆိုင်ရာအသိပညာပေးခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများကို စနစ်တကျအသုံးပြုတတ်စေရန် အသိပညာပေးခြင်းအစရှိသော လုပ်ငန်းများ ပါဝင်သည်။

**အထွေထွေဝန်ဆောင်မှုများ**

ထို့ပြင် ကျောင်းကျန်းမာရေးအစီအစဉ်များတွင် မသန်စွမ်း ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သက်ဆိုင်ရာအတတ်ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ထားသင့်သည်။ ထိုကဲ့သို့သော ကလေးငယ်များ၏လိုအပ်ချက်များကို ဆောလျင်စွာသိရှိနိုင်ရန် ဆရာ၊ ဆရာမများကိုလည်းလေ့ကျင့်သင်ကြားပေးထားသင့်သည်။ အလားတူ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေများတွင်ပြုလုပ်ရမည့်လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ရှေးဦးသူနာပြုစောင့်ရှောက်မှုပညာရပ်များကို ကြိုတင်သင်ကြားထားပေးသင့်သည်။ ထို့ပြင် ကလေးများတွင် အဖြစ်များသောရောဂါများအတွက် အရေးပေါ်ကျန်းမာရေးလမ်းညွှန်များစီစဉ်ထားရှိပြီး ထိုလမ်းညွှန်များကို ဆရာ၊ ဆရာမများ အကျွမ်းတဝင်ဖြစ်စေရန် လေ့ကျင့်သင်ကြားထားရန်လိုအပ်သည်။

အထူးသဖြင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးတွင် ကျောင်းအဆောက်အအုံနှင့် ဆက်စပ်နေသောပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်ရေး၊ ကျောင်းသုံးအိမ်သာများသန့်ရှင်းရေး၊ စနစ်ကျသောအမှိုက်သိမ်းစနစ်ထားရှိရေးနှင့် ကျောင်းမုန့်ဈေးတန်းသန့်ရှင်းရေးတို့ပါဝင်သည်။ ထို့ပြင် ကျောင်းစာသင်ခန်းများတွင် လေကောင်းလေသန့်နှင့် အလင်းရောင်ကောင်းမွန်စွာရရှိစေရန် ဆောင်ရွက်ထားခြင်း၊ ကျန်းမာရေးထိခိုက်စေနိုင်သည့် သင်ထောက်ကူပစ္စည်းများ အသုံးပြုခြင်းမှရှောင်ကြဉ်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန်ဆောင်ရွက်ထားခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များ ကြိုတင်ပြင်ဆင်ခြင်း စသည်တို့ကိုဆောင်ရွက်ထားသင့်သည်။

**မျိုးဆက်သစ်များ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ဖို့ ကျောင်းကျန်းမာရေးကိုအလေးထားစို့**

စင်စစ်အားဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များသည် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ အခြေခံကျန်းမာရေးအသိပညာများ၊ ကျန်းမာရေးကိုအထောက်အကူဖြစ်စေသည့်သဘောထားများ၊ ယုံကြည်ချက်များနှင့် တစ်သက်တာကျန်းမာရေးအတွက် လိုအပ်သော အမူအကျင့်များကို ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာပါဖွံ့ဖြိုးနေဆဲဖြစ်သည့်ကလေးငယ်များနှင့် ဆယ်ကျော်သက်များအတွက် ကျောင်းနေကာလသည် ကောင်းမွန်သောအမူအကျင့်များကို နှလုံးသွင်းလေ့လာသင်ယူရန် အကောင်းဆုံးအချိန်ကာလပင်ဖြစ်သည်။

ဆိုရလျှင် ကျောင်းကျန်းမာရေးအစီအစဉ်များသည် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ ပညာရည်တိုးတက်ရေးအပြင် ဘဝနေထိုင်မှုနှင့် အနာဂတ်အောင်မြင်မှုအပေါ်တွင်လည်း များစွာအထောက်အကူပြုနိုင်သည်။ ထို့ပြင် ဘက်စုံလွှမ်းခြုံသော ကျောင်းကျန်းမာရေးအစီအစဉ်တစ်ခုတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူလူငယ်များ၏ ပစ္စုပ္ပန်နှင့် အနာဂတ်ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များ ကျန်းမာပျော်ရွှင်စွာပညာသင်ယူနိုင်ဖို့ ကျောင်းကျန်းမာရေးကို အလေးထားဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**


(1) https://myanmarhealth.info/docs/shm/school-health/

(2) School Health (ကျောင်းကျန်းမာရေး) – CLL HEALTH


မောင်သောင်းဝင်း(တမန်ဟောင်း)

# ချောင်းဦးမြို့နယ်တွင် စပါး ၁၄၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ် လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



ချောင်းဦး ဩဂုတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် စပါး ၁၄၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၁၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၂၅ ဧကစိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ စပါး ဧက ၁၅၀၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် စပါး စိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက် လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ် ရေလဲကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

ပန်းတနော် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဖွဲ့စည်းခြင်းကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ခုနစ်ဦးကို မဲစနစ်ဖြင့် ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေလဲကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလှိုင်ထံမှ သိရသည်။ **ငြိမ်းသူ(စလင်း)**

# ရေကြည်မြို့နယ်တွင် ဒေသထွက် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

ရေကြည် ဩဂုတ် ၂၂

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် ပဲလွမ်းဖြူများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာကြောင်း ရေကြည်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်တွင် မတ်လ ပထမပတ်ကစတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခု ဩဂုတ်လ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ လက်ရှိ ဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး။ ဒေသမှာ ပဲလွမ်းဖြူက မိုးသီးနှံတွေရိတ်သိမ်းချိန်မှာ အထွက်များပါတယ်"ဟု ရေကြည်မြို့နယ်မှ ပဲမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ပဲလွမ်းဖြူ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်းနှင့် စပါး၊ ဆန် စသည့် ရာသီထွက်ကုန်များကို တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။



ရေကြည်မြို့နယ်မှထွက်ရှိသည့် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလာခြင်းကြောင့် ပဲမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း ရေကြည်မြို့နယ်မှ ပဲမျိုးစုံရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် သမန်းကြီး-ကုက္ကိုစမ်း-ညံတောအင်း ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဆင်ပေါင်ဝဲ ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် သမန်းကြီး-ကုက္ကိုစမ်း-ညံတောအင်း ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၂၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ရှိသူများက သမန်းကြီး-ကုက္ကိုစမ်း-ညံတောအင်း ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ သမန်းကြီး-ကုက္ကိုစမ်း-ညံတောအင်း ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ သန်းအသုံးပြုကာ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# ကဝမြို့နယ် မကျက်ကြီးကျေးရွာ၌ RBF စီမံကိန်း ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ကဝ ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးထက်ထက်နိုင်နှင့် ဝန်ထမ်းများက မကျက်ကြီးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခေတ္တမြို့နယ် ဦးစီးမှူး ဒေါ်အေးထက်ထက်နိုင်နှင့် ဝန်ထမ်းများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဆိုင်ရာ ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကိုကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ မကျက်ကြီးကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော ရောင်နီဦး၊ တိုးတက်အောင်၊ အားမာန်နှင့်ကြီးပွား စသည့်အဖွဲ့လေးဖွဲ့ကို တစ်ဖွဲ့လျှင် ငွေကျပ် ၇ ဒသမ ၅သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးမြတ်**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ တောင်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီး လူနေအိမ်များနှင့်နီးကပ်လျက်ရှိ



**ဆာရာဂျေဗို ဩဂုတ် ၂၂**

ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၂၁ ရက်က လောင်ကျွမ်းနေသောတောမီးသည် လူနေအိမ်များနှင့် နီးကပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုသည် သံလွင်သီးများစိုက်ပျိုးရာနေရာများနှင့် နီးကပ်လာသည့်အပြင် လူနေအိမ်များရှိရာရပ်ကွက်များဆီသို့ တဖြည်းဖြည်းနီးကပ်လာခဲ့ကြောင်းဒေသဆိုင်ရာအာဏာပိုင်များကပြောကြားခဲ့သည်။

ယခုကဲ့သို့ တောမီးလောင်ကျွမ်းမှုသည် အနီးအနားရှိလူနေရပ်ကွက်များဆီသို့ ပျံ့နှံ့လာရခြင်းမှာ ပူပြင်းခြောက်သွေ့မှုနှင့် လေပြင်း တိုက်ခတ်မှုတို့ကြောင့် ဖြစ်ကြောင်း၊ လက်ရှိ တောမီးအန္တရာယ်နှင့်နီးကပ်နေပြီး သတိပြုနေထိုင်ကြရမည့် ရပ်ကွက်များမှာ Hutovo နှင့် Neum မြို့တို့ရှိ လူနေရပ်ကွက်များ ဖြစ်ကြောင်း၊ တောမီးသည် လူနေအိမ်များသို့ နီးကပ်လာလေ ပိုမိုပြင်းထန်လာလေဖြစ်ကြောင်း Neum မြို့ မြူနီစီပယ် မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် ဒေသခံမီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၅၀ ကျော်သည် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးကြိုးပမ်းနေကြောင်း၊ ဝေဟင်မှ မီးငြိမ်းသတ်ရန်အတွက် ရဟတ်ယာဉ် တစ်စင်းကိုလည်း ဖြန့်ကြက်ထားကြောင်း၊ စစ်ဘက်နှင့်အရပ်ဘက် စေတနာ့ဝန်ထမ်းများလည်း ကူညီမီးငြိမ်းသတ်ပေးနေကြောင်း Neum မြို့၏ မြို့တော်ဝန် ဒရာဂန်ဂျာကိုဗစ်က ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

# ရုရှားနိုင်ငံ ကမ်ချက်တာကမ်းလွန်ဒေသတွင် ပြင်းအား ၆ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး အဆောက်အအုံများ၊ လမ်းတံတားများပျက်စီး

**မော်စကို ဩဂုတ် ၂၂**

ရုရှားနိုင်ငံ အရှေ့ပိုင်းရှိ ကမ်ချက်တာ ကမ်းလွန်ဒေသတွင် ဩဂုတ် ၂၁ ရက်က ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူနေအဆောက်အအုံများ၊ လမ်းတံတားများ ပျက်စီးခဲ့ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ ဘူမိရုပ်ပိုင်းဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၏ Federal Research Center (RAS) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်သည်Petropavlovsk-Kamchatsky မြို့မှ ၂၀၅ ကီလိုမီတာအကွာ ပစိဖိတ်သမုဒ္ဒရာ၏ ၄၆ ကီလိုမီတာခန့် အကွာကို ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ ဘူမိရုပ်ပိုင်းဆိုင်ရာဝန်ဆောင်မှုဌာနခွဲ၏ Federal Research Center (RAS) က ထုတ်ပြန်ခဲ့သည်။

ယခုလှုပ်ခတ်ခဲ့သည့်ငလျင်သည်ပြင်းအား ၈ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ ငလျင်ကြီးလှုပ်ခတ်ခဲ့ပြီးနောက် ၁၉ ကြိမ်မြောက် နောက်ဆက်တွဲ ငလျင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် လူနေအဆောက်အအုံ၊ အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်တိုင်တချို့လည်း ပျက်စီးသွားခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ခိုင်ခံ့မှုမရှိသောအဆောက်အအုံတချို့ အက်ကွဲသွားခဲ့ပြီး အဆိုပါ အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများပြုလုပ်ရန်လိုကြောင်း၊ ထို့ပြင် အသေအပျောက်၊ ထိခိုက်ဒဏ်ရာရမှုနှင့် ပစ္စည်းများပျက်စီးမှုစာရင်းအတိအကျကို ယနေ့တွင် စစ်တမ်းများ ကောက်ယူနေပြီဖြစ်ပြီး ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်နေကြောင်း ရုရှားနိုင်ငံ၏ မြို့ပြကာကွယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍ သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# တရုတ်နိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်အတွင်း ကာဗွန်ထုတ်လွှတ်မှုကျဆင်းခဲ့

**ပေကျင်း ဩဂုတ် ၂၂**

တရုတ်နိုင်ငံ၏ ယခုနှစ် နှစ်ဝက်အတွင်း ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးစီမံချက်၏ ထိရောက်မှုနှင့် ပတ်သက်ပြီး ဖင်လန်နိုင်ငံအခြေစိုက် Centre for Research on Energy and Clean Air အဖွဲ့က သုတေသနပြုလုပ်ခဲ့ရာ ကာဗွန်ထုတ်လွှတ်မှု လျှော့ကျခဲ့ကြောင်း တရုတ်ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။



သို့သော်လည်း Centre for Research on Energy and Clean Air အဖွဲ့၏ ရလဒ်မှာ အခြားနိုင်ငံမှ သုတေသီအဖွဲ့၏ရလဒ်နှင့် ကွာဟချက်ရှိနေကြောင်း၊ ဗြိတိန်နိုင်ငံအခြေစိုက် Carbon Brief အဖွဲ့မှ သုတေသီများက တရုတ်နိုင်ငံ၏ ယခုနှစ် ပထမနှစ်ဝက်အတွင်း ဖြစ်ပေါ်ခဲ့သော ကာဗွန်ထုတ်လွှတ်မှုပမာဏကို သုတေသန ပြုလုပ်ခဲ့ရာတွင် ၂၀၂၄ ခုနှစ်က ထုတ်လွှတ်ခဲ့သောပမာဏထက် သုံးရာခိုင်နှုန်းလျှော့ကျခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှုနှုန်း အမြင့်မားဆုံးသောနိုင်ငံအဖြစ် သတ်မှတ်ခံထားခဲ့ရပြီးနောက် တရုတ်ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးဌာနက ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးကို စီမံချက်များဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ပြီး ၂၀၆၀ ပြည့်နှစ် အရောက်တွင် ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ပစ်မှတ်ထား ဆောင်ရွက်နေကြောင်း ထုတ်ပြန်ထားသည်။

၎င်းတို့စီမံချက်များ ထိရောက်မှုရှိလာခဲ့ခြင်းမှာ ဇန်နဝါရီမှ ဇွန်အတွင်း ကျောက်မီးသွေးလောင်စာမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကို သုံး ရာခိုင်နှုန်းထိ လျှော့ချခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကာဗွန်ထုတ်လွှတ်မှု လျှော့ကျလာခဲ့ခြင်းဖြစ်ကြောင်း တရုတ်ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# ကော်လိုရာဒိုပြည်နယ် မြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် မြောက်ဘက်ပိုင်းတွင် ဩဂုတ် ၂၁ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကာ လူနေအိမ်များဆီသို့ ကူးစက် လောင်ကျွမ်းလာနိုင်သဖြင့်ဒေသခံတချို့ကို ယနေ့မှစ၍ ဘေးလွတ်ရာရွှေ့ပြောင်းရန် ကော်လိုရာဒိုပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး တောမီးအန္တရာယ်စောင့်ကြည့်တိုင်းတာရေး အဖွဲ့အစည်းဖြစ်သည့် NoCo Alert အဖွဲ့အစည်းကစောင့်ကြည့်ကာ အန္တရာယ်ရှိသည့်ဇုန်များကို သတ်မှတ်ထုတ်ပြန်လျက်ရှိကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းလာနိုင်သည့် ဒက်မန်းလမ်းတစ်လျှောက်တွင် နေထိုင်သူများနှင့် အမှတ် (၈၆) ကောင်တီ လမ်းတစ်လျှောက်တွင် နေထိုင်သော ဒေသခံများကိုအမြန်ဆုံး ဘေးလွတ်ရာရွှေ့ပြောင်းရန် NoCo Alert အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

" တောမီးလောင်ကျွမ်းမှု အခြေအနေကို အချိန်ပြည့်စောင့်ကြည့်တိုင်းတာနေပါတယ်။ တောမီးဟာ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းလာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ အထူးသဖြင့် တောမီးအန္တရာယ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေတဲ့နေရာတွေကတော့ ဒက်မန်းလမ်းတစ်လျှောက်နဲ့ အမှတ် (၈၆) ကောင်တီလမ်း တစ်လျှောက်ဖြစ်ပါတယ်။ ဒီဧရိယာတွေမှာ နေထိုင်တဲ့ ဒေသခံတွေအနေနဲ့ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် သတိပေးပါတယ်" ဟု NoCo Alert အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ကျူးဘားနိုင်ငံ အရှေ့ပိုင်းတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့် နယ်မြေများသို့ ကျူးဘားဒုတိယဝန်ကြီးချုပ် သွားရောက်စစ်ဆေး

**ဟာဗားနား ဩဂုတ် ၂၂**

ကျူးဘားနိုင်ငံ အရှေ့ပိုင်းတွင် မိုးခေါင်မှု ပြဿနာဖြင့် ရင်ဆိုင်နေရသည့် နယ်မြေများသို့ ပြဿနာကို ဖြေရှင်းပေးနိုင်ရေးအတွက် ကျူးဘား ဒုတိယဝန်ကြီးချုပ် မာရီယာ ယနေ့တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဒေသပေါင်း ၆၀ ကျော်ထိရှိနေပြီး သောက်သုံးရေအတွက် ခက်ခဲနေကြောင်း၊ ဒေသခံများ သောက်သုံးရေ ပုံမှန်ရရှိနိုင်ရေးအတွက်မာရီယာကဒေသခံအာဏာပိုင်အဖွဲ့အစည်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ သောက်သုံးရေ ပုံမှန်အတိုင်း ပြန်လည်ရရှိရေးအတွက်စီမံချက်များဖြင့် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုလည်း ရေပေးဝေနိုင်ရေးစီမံချက်များတွင် ထည့်သွင်းရေးဆွဲရမည် ဖြစ်ကြောင်း မာရီယာက ပြောကြားခဲ့သည်။

ကျူးဘားဒုတိယဝန်ကြီးချုပ် မာရီယာက ဒေသခံများအတွက် သောက်သုံးရေ ပေးဝေနိုင်ရေးကို Pumping Stations များတည်ဆောက်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေပုံမှန်ရရှိနေသည့် ရေလှောင်တမံများမှ ပိုက်လိုင်းများသွယ်တန်းကာ Pumping Stations များမှတစ်ဆင့် ရေပေးဝေသွားမည့်စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် ရေပိုက်လိုင်းများကို အနှောင့်အယှက်ဖြစ်စေနိုင်မည့် တရားမဝင်လုပ်ငန်းများကို တားမြစ်သွားရန် လိုအပ်သဖြင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း မာရီယာက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

M L

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ပဲလေ့စ်အသင်း၊ ဆိုစီဒက်အသင်း၊ မိုနာကိုအသင်းတို့ကို အားပေးရမှာပါ



တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေကလဲ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်က ရာသီအဖွင့်ပွဲစဉ်ဖြစ်တာကြောင့် အသင်းငယ်တွေကလဲ အစွမ်းကုန်ကြိုးစားကစားခဲ့လို့ အသင်းကြီးတွေအနေနဲ့ရလဒ်ကောင်းဖို့ ခက်ခဲခဲ့တာကို တွေ့ရမှာပါ။ ပရီးမီးယားလိဂ်မှာဆို ချဲလ်ဆီးအသင်းက ပဲလေ့စ်အသင်းကို သရေသာကစားနိုင်ခဲ့သလို လာလီဂါမှာတော့ ဆဲလ်တာဗီဂိုက အိမ်ကွင်းမှာ ဂီတာဖေးကိုရှုံးခဲ့တာဖြစ်ပြီး လီဂူးဝမ်းမှာလဲ ပီအက်စ်ဂျီအသင်းက အနိုင်ရဖို့ အစွမ်းကုန်ကြိုးပမ်းခဲ့ရတာကိုကြည့်ရင် ပရိသတ်အများစု မျှော်လင့်ထားတဲ့ရလဒ် ထွက်ပေါ်လာခြင်းမရှိတာကို သတိပြုရမှာပါ။ ဒီတစ်ပတ်မှာလဲ ရာသီအစပွဲစဉ်တွေဖြစ်တာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ စောင့်ကြည့်ရတဲ့ အခြေအနေမှာ အိမ်ကွင်းကစားပုံမာကျောတဲ့အသင်းတွေနဲ့ တိုက်စစ်ထက်မြက်တဲ့ အသင်းတွေကိုသာ ဆက်လက်အားပေးရမှာပါ။

### ပဲလေ့စ်အသင်းကို ရွေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ပရီးမီးယားလိဂ် ပွဲစဉ်(၂) မှာ အကြိုက်တွေ့မိတာကတော့ ပဲလေ့စ်အသင်းနဲ့ နော်တင်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ ချဲလ်ဆီးအသင်းကို သရေကစားနိုင်ခဲ့လို့ ခြေစွမ်းပိုင်းက အားရစရာကောင်းပါတယ်။ ဒ့ါပြင် ရာသီအစ ကွန်မြူနတီဒိုင်းမှာလဲ လီဗာပူးလို အဘက်ဘက်က သာလွန်မှုရှိတဲ့အသင်းကို တန်ပြန်တိုက်စစ်ကနေ ချေပဂိုးသွင်းယူပြီး ပင်နယ်တီအဆုံးအဖြတ်မှာ နိုင်ပွဲရှာနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပဲလေ့စ်အသင်းဟာ နည်းပြဂလက်စ်နာ လက်အောက်မှာ အကောင်းဆုံးပုံစံရနေတဲ့အပြင် နည်းပြကလဲ အဓိက ကစားသမားတွေကို လက်မလွှတ်ရဖို့ အစွမ်းကုန်ကြိုးပမ်းနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေစွမ်းပြကစားသမားထပ်မံခေါ်ယူနိုင်ခြင်းမရှိပေမဲ့ နည်းပြဂလက်စ်နာရဲ့ နည်းစနစ်ပိုင်းကြောင့် ပြီးခဲ့တဲ့ပွဲတွေမှာ ကစားပုံကျဆင်းသွားခြင်းမရှိဘဲ ပြိုင်ဘက်ရဲ့ ကစားပုံကိုကြည့်ပြီး ပုံစံအမျိုးမျိုးနဲ့ ချဉ်းကပ်ဖိအားပေးနိုင်ခဲ့ပါတယ်။ လက်ရှိတိုက်စစ်ပိုင်းကို မာတီတာကဦးဆောင်နေပြီး ပြီးခဲ့တဲ့ရာသီမှာတော့ ပရီးမီးယားလိဂ်မှာ သွင်းဂိုး ၁၄ ဂိုး ထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ၃-၄-၂-၁ ကစားကွက်မှာ ကွင်းလယ်က ဟုဂတ်စ်နဲ့ ဝါတန်တို့ ခြေစွမ်းပြနေတာကြောင့် အခုပွဲမှာ နော်တင်ဟမ်အနေနဲ့ ပဲလေ့စ်ကွင်းလယ်ကို မထိန်းချုပ်နိုင်ရင် ဂိုးပေးရဖို့သေချာပါတယ်။

နော်တင်ဟမ်အသင်းဟာ အခုအပြောင်းအရွှေ့မှာ အယ်လန်ဂါကို နယူးကာဆယ်အသင်းကို ပြောင်းရွှေ့ခွင့်ပြုလိုက်ပေမဲ့ မန်စီးတီးအသင်းက မက်ကေတီး၊ အစ်ဗ်စ်ကဟက်ချင်ဆန်၊ ရင်းနက်အာနက်တို့လို ခြေစွမ်းပြကစားသမားတွေကို ခေါ်ယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲ ခုနစ်ပွဲကစားခဲ့ရာမှာတော့ တစ်ပွဲမှ နိုင်ပွဲမရခဲ့သလို တိုက်စစ်ကလဲ သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ရာသီအဖွင့်ပွဲမှာတော့ ဘရန့်ဖို့ဒ်အသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး သုံးဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ တိုက်စစ်မှူး ခရစ်ဝုဒ်က နှစ်ဂိုးထိသွင်းယူနိုင်ခဲ့ပါတယ်။ နည်းပြဆန်းတို့စ်ရဲ့ နော်တင်ဟမ်အသင်းဟာ ဖြတ်တင်ဘောနဲ့ အဝေးကန်ချက်တွေကနေ ပြိုင်ဘက်ကို ဖိအားပေးတဲ့အသင်းဖြစ်သလို တန်ပြန်တိုက်စစ်လဲကောင်းတာကို သတိပြုရမှာပါ။ အခုပွဲမှာ ပဲလေ့စ်အသင်းနဲ့ ကစားရမှာဖြစ်လို့ ခံစစ်ပိုင်းအမြင့်ဘော ရှင်းနိုင်တဲ့ ကစားသမားတွေရှိနေတာက ခရစ်ဝုဒ်အတွက် ဂိုးရဖို့ခက်ခဲနိုင်သလို တောင်ပံမှာလဲ မစ်ချဲလ်၊ မူနို့ဇ်တို့က ခံစစ်တိုက်စစ် လိုက်ပါကစားနိုင်တာကြောင့် နော်တင်ဟမ်အသင်းကို ထိန်းချုပ်နိုင်ဖို့များပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ နည်းစနစ်ပိုင်းကောင်းနေတဲ့ ပဲလေ့စ်အသင်းကိုပဲ ရွေးရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ခရော်လေ | ၀ | - | ၃ | ပဲလေ့စ် |
| ပဲလေ့စ် | ၃ | - | ၁ | အော့စ်ဘတ် |
| ပဲလေ့စ် | ၀ | - | ၁ | အော့စ်ဘတ် |
| ပဲလေ့စ် | ၂ | - | ၂ | လီဗာပူး |
| ချဲလ်ဆီး | ၀ | - | ၀ | ပဲလေ့စ် |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စတိုရီ | ၀ | - | ၀ | နော်တင်ဟမ် |
| ဘာမင်ဂမ် | ၁ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၀ | - | ၀ | ဖီအိုရင်တီးနား |
| နော်တင်ဟမ် | ၀ | - | ၀ | အယ်ကွာဒါစီယာ |
| နော်တင်ဟမ် | ၃ | - | ၀ | ဘရန့်ဖို့ဒ် |

### ဆိုစီဒက်အသင်းကို အားပေးရမှာပါ

လာလီဂါအမှတ်ပေးပွဲစဉ် (၂) မှာ အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်အသင်းနဲ့ အက်စ်ပန်ညိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ဥရောပပြိုင်ပွဲကစားခွင့် အမြဲတမ်းရနေတဲ့အသင်းဖြစ်ပေမဲ့ ပြီးခဲ့တဲ့ရာသီမှာတော့ ရလဒ်ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ဇူလိုင်လမှာ နည်းပြ ဖရန်စစ်စကိုကို ခန့်အပ်လိုက်ပြီး တိုက်စစ်ပိုင်းမှာ အိုစကာဆန်၊ ဂွီဒက်စ်၊ ခံစစ်မှာ အက်ဂွါတို့ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ကွင်းလယ်ခံစစ်က ဇူဘီမန်ဒီကိုတော့ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲခြောက်ပွဲမှာ တစ်ပွဲရှုံးခဲ့ပြီး ရာသီသစ်အတွက် ပြင်ဆင်မှုတွေ လုပ်နိုင်ခဲ့လို့ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းကစားပုံကောင်းတဲ့ ဗလင်စီယာအသင်းကို အပြန်အလှန် ဖိအားပေးကစားနိုင်ခဲ့ပြီး ရမှတ်ခွဲယူခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ တောင်ပံတိုက်စစ်က ကူဘို ခြေစွမ်းပြနိုင်ခဲ့ပြီး ကွင်းလယ်ကစားပုံကောင်းခဲ့တာကိုကြည့်ရင် အခု အိမ်ကွင်းပွဲစဉ်မှာ အက်စ်ပန်ညိုအသင်းကို ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

အက်စ်ပန်ညိုအသင်းကတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ လာလီဂါကို စတင်တက်ရောက်လာပေမဲ့ ရာသီပိတ်သိမ်းချိန်မှာ ရလဒ်ကောင်းခဲ့တာကြောင့် တန်းဆင်းဇုန်နဲ့ နှစ်မှတ်အကွာနဲ့ လာလီဂါမှာ ဆက်လက်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ ဂိုးသမား ဂါစီယာကို ဘာစီလိုနာကို ပြောင်းရွှေ့ခွင့်ပြုလိုက်ရပြီး အဓိက ကစားသမားတွေ ဖြည့်တင်းနိုင်ခဲ့ခြင်း မရှိလို့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ အဖွင့်ပွဲစဉ်မှာတော့ အေတီကိုအသင်းကို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်နဲ့ ဖိအားပေးနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာ ရှုံးခဲ့ပေမဲ့ ဒုတိယပိုင်းမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီပွဲစဉ်က အိမ်ကွင်းပွဲစဉ်ဖြစ်နေပြီး အဝေးကွင်းပွဲစဉ်တွေမှာတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ သုံးပွဲသာ နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အက်စ်ပန်ညိုဟာ အဝေးကွင်းမှာဆို ရလဒ်ဆိုးရွားတဲ့အသင်းဖြစ်တာကြောင့် ဆိုစီဒက်လို အသင်းလိုက် ကစားအားကောင်းတဲ့ အသင်းကို တားဆီးဖို့မဖြစ်နိုင်သလို ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ ဆိုစီဒက်အသင်းက အသာရထားတာကြောင့် အခုပွဲစဉ်မှာ ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယိုကိုဟားမား | ၁ | - | ၂ | ဆိုစီဒက် |
| ဆိုစီဒက် | ၄ | - | ၁ | အိုဆာဆူနာ |
| ဆိုစီဒက် | ၁ | - | ၁ | ရင်းနက် |
| ဘုန်းမောက် | ၀ | - | ၀ | ဆိုစီဒက် |
| ဗလင်စီယာ | ၁ | - | ၁ | ဆိုစီဒက် |

**အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၂ | - | ၁ | ဆောက်သမ်တန် |
| ဝုဖ်ဘတ် | ၀ | - | ၁ | အက်စ်ပန်ညို |
| ယူနီယံဘာလင် | ၀ | - | ၁ | အက်စ်ပန်ညို |
| နယူးကာဆယ် | ၂ | - | ၂ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၂ | - | ၁ | အေတီကို |

### မိုနာကိုအသင်း ရလဒ်ကောင်းမှာပါ

ပြင်သစ်လီဂူးဝမ်း အဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ လိုင်လီအသင်းနဲ့ မိုနာကိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုင်လီအသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ တိုက်စစ်မှူး ဂျိုနသန်ဒေးဗစ်၊ ခံစစ်က ဒီယာတီကီနဲ့ ဂိုးသမား ချီဗာလီယာတို့ကို လက်လွှတ်လိုက်ရတာကို တွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ စုဖွဲ့မှုအားနည်းတဲ့ ဘရက်စ်အသင်းကို ဦးဆောင်ဂိုးတွေရရှိခဲ့ပေမဲ့ ခံစစ်ပိုင်းအားနည်းချက်က ချေပဂိုးတွေ အလွယ်တကူပေးလိုက်ရပြီး သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ အသင်းတိုက်စစ်က ကစားပုံကောင်းခဲ့ပေမဲ့ ပြိုင်ဘက်အသင်း ဘောလုံးရသွားရင် ကွင်းလယ်က ဟန့်တားနိုင်ခြင်း မရှိဘဲ ခံစစ်ပိုင်းဖိအားပေးမှု ပိုခံရတာကြောင့် ပေးဂိုးများတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ အနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာကိုကြည့်ရင် အခုပွဲမှာ လိုင်လီအသင်းခံစစ်ပိုင်း မိုနာကိုရဲ့တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ မလွယ်ပါဘူး။

မိုနာကိုအသင်းကတော့ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲပုံစံကောင်းပြသနိုင်ခဲ့တာကြောင့် ရာသီပိတ်သိမ်းချိန်မှာ အဆင့်(၃) ရောက်ရှိခဲ့ပြီး ချန်ပီယံလိဂ် ကစားခွင့်ရခဲ့ပါတယ်။ သူတို့အသင်းဟာ ရာသီအစမှာ ရလဒ်ကောင်းခဲ့ပေမဲ့ နောက်ပိုင်းမှာ အဓိက ကစားသမားတွေ ဒဏ်ရာရသွားတာကြောင့် ရလဒ်ပိုင်းကျဆင်းသွားလို့ ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်း မရှိတော့တာကို တွေ့ရမှာပါ။ အခုရာသီမှာ ကွင်းလယ်ကစားသမား ပေါ့ဘာ၊ ခံစစ်က ဒိုင်ယာ၊ တိုက်စစ်မှူး အန်ဆုဖာတီတို့ကို ခေါ်ယူအားဖြည့်ခဲ့တာကြောင့် ကစားပုံတိုးတက်လာလို့ ရာသီအဖွင့်ပွဲမှာ ခံစစ်ကစားပုံထက်မြက်လာတာကို တွေ့ရမှာပါ။ လက်ရှိ တိုက်စစ်ပိုင်းမှာလဲ အမ်ဘိုလို၊ အန်ဆုဖာတီ၊ ကွင်းလယ်က မီနာနီနို၊ ပေါ့ဘာတို့လို ကစားသမားကောင်းတွေရှိတာကြောင့် ခံစစ်အားနည်းနေတဲ့ လိုင်လီအသင်း ပွဲချိန်ပြည့် မဟန့်တားနိုင်ရင် ပေးဂိုးများသွားမှာဖြစ်ပါတယ်။ ဒ့ါပြင် လိုင်လီအနေနဲ့ လက်ရှိကစားသမား ခြောက်ယောက်ထိ ဒဏ်ရာရနေတာကြောင့် ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ မိုနာကိုအသင်းကို ယှဉ်ကစားဖို့မဖြစ်နိုင်လို့ မိုနာကိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

**လိုင်လီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၅ | - | ၀ | အေမိန်း |
| ဒွေါ့မွန် | ၃ | - | ၂ | လိုင်လီ |
| လိုင်လီ | ၃ | - | ၀ | ဗီနီဇီယာ |
| ဝက်စ်ဟမ်း | ၁ | - | ၁ | လိုင်လီ |
| ဘရက်စ် | ၃ | - | ၃ | လိုင်လီ |

**မိုနာကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တိုရီနို | ၁ | - | ၃ | မိုနာကို |
| တိုရီနို | ၁ | - | ၃ | မိုနာကို |
| အေမိန်း | ၂ | - | ၂ | မိုနာကို |
| မိုနာကို | ၁ | - | ၂ | အင်တာမီလန် |
| မိုနာကို | ၃ | - | ၁ | လီဟာဗေး |

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၄၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၃၄၂ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲဧက ၃၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၃၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် မြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၆၇ ဧက၊ ကနီမြို့နယ်တွင် ဧက၂၈၇၁၀၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧကနှင့် ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၁၄၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ၂၉၃၈၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၇၈၈ ဧက၊ ပုလဲမြို့နယ်တွင် ၆၈ ဧက စုစုပေါင်း ၃၃၃၄၂ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာလူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ န၀မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ရွာသစ်ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာ၀န်ခံနှင့် ၀န်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ရွာသစ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာသစ်ကျေးရွာရှိမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀ကို ငွေကျပ်၅၀၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် သိန်း ၄၀ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၂သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ပြောပြ၍ သိရသည်။

နွဲ့ယဉ်












## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထက (၁၃)၊ Grade-7(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးချမ်းမြေ့၏သမီး မဇင်ဇင်ချမ်းအား မဆုချမ်းမြေ့ဝင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မဆုချမ်းမြေ့ဝင်း

## ဖခင်အမည်မှန်

မန္တလေးမြို့၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာနေ အောင်မြေသာစံ REBC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမိုးသဉ္ဇာဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်စိုးဦးဖြစ်ပါကြောင်း။

ဦးကျော်စိုးဦး(၉/တတဥ(နိုင်)၀၉၈၇၅၃)

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ SSL ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြတ်ကျော်၏သမီး မကြည်စင်မြတ်ကျော်အား မကြည်စင်လှဲ့ဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မကြည်စင်လှဲ့ဟန်

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ MIA ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးထင်ရှန်း၏သမီး မရွှေရည်လင်းသန့် (ခ) ရွှေလင်းသန့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မရွှေရည်လင်းသန့် (ခ) ရွှေလင်းသန့်

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်နေ မမိုးရွှေစင် (ဘ) ဦးမိုးအောင်သိန်း(၉/ပကခ(နိုင်)၀၄၁၄၉၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-798014538

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၂)၊ Grade-5(B) တွင် ပညာသင်ကြားနေသော နန်းမွေတစ်၏ဖခင်အမည်မှန်မှာ ဦးချစ်စိန်ဖြစ်ပါကြောင်း။

ဦးချစ်စိန်(၁၃/လရန(နိုင်)၂၃၈၆၃၉)

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးသက်နိုင်၏သား မောင်ထက်မြတ်နိုင်အား မောင်ထက်မြက်နိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထက်မြက်နိုင်(၉/ခအဇ(နိုင်)၀၅၈၇၉၄)

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အကွက်(၁၁၂)နေ မောင်သက်နိုင်လင်း (ဘ) ဦးစိုးလင်း(၉/အမဇ(နိုင်)၀၁၇၂၀၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-955642762

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၃၈) ကဥ္စနာမဟီနေ မအန်းမာရီ (ဘ) ဦးဂီလ်ဘတ်နာသန်(၉/ခအဇ(နိုင်)၀၆၂၀၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-955642762







“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် ဖျက်ခြင်းသက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ **အမျိုးသားနိုင်ငံရေးဆိုတာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုတဲ့ ဒို့တာဝန်အရေး သုံးပါးအပေါ်မှာ အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုရဲ့အကျိုးစီးပွားကိုသာ အစဉ်ရှေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲသော နိုင်ငံရေးပဲဖြစ်တယ်...**


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ရွှေပြည်သာမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် ရခိုင်ပြည်နယ်နှင့် မလေးရှားရေပိုင်နက်သို့ ပို့ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ငွေကျပ် ၂၅၇ ဒသမ ၁၀၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၅၆၁၄ ဒသမ ၂ ကီလို၊ ကက်တမင်း ၁၈၉၉ ကီလိုတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




နေပြည်တော် ဩဂုတ် ၂၂

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၅ ရက် နံနက် ၆ နာရီခွဲတွင် သတင်းအရ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးနှင့် ငါးကန်လမ်းထောင့်တွင် အောင်လင်း မောင်းနှင်လာသည့် CANTER BOX ယာဉ်နှင့် သောင်းထွန်း မောင်းနှင်လာသည့် SUBA-RU STELLA ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ၎င်းတို့သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများအား တာဝန်ခံသယ်ဆောင်ခိုင်းသူ ထွန်းသိန်းကို ယင်းနေ့ ည ၇ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဂိုဒေါင်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈ သိန်း၊ TOYOTA RUSH ယာဉ် တစ်စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၂၁၈ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၂၁ ဒသမ ၈ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ထို့နောက် ည ၉ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် **စာမျက်နှာ ၂၁ ကော်လံ ၁** ☆

